# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၄၄)၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ၈-၈-၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## ဒီရေတောများက သဘာဝဘေးကို ကာကွယ်ပေး

ဒီရေတောများသည် လေပြင်းမုန်တိုင်းများနှင့် ဆူနာမီရေလှိုင်းများ၏ အန္တရာယ်မှလျော့ကျစေရန် ကာကွယ်ပေးခြင်း၊ မြေပေါ်နှင့်မြေအောက် ရေချိုအရင်းအမြစ်များအတွင်း ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းကမ်းပါးများ ရေတိုက်စားပြီး မြေပြိုမှုအန္တရာယ်တို့မှလည်း ကာကွယ်ပေးခြင်းကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧဝန်မြစ်ရေကာတာတမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေကြီးရေလျှံမှုများဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ ငဝန်မြစ် ရေကာတာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ရေကြီးရေလျှံဖြစ်ပွားမှုနှင့်ပတ်သက်၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## တာတမံမြေနိမ့်ကျမှုများ ထပ်မံမဖြစ်ပေါ်စေရေး လိုအပ်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းလုပ်ငန်းများ ကြိုတင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ငဝန်မြစ်ရေကာတာတမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊

**စာမျက်နှာ ၃ သို့**

## ရက်ကန်းစက်များနှင့် ဆက်စပ်ပစ္စည်းများကို ဆယ်တင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့ရှိ အမှတ်(၇) အထည်စက်ရုံခွဲ(ဝမ်းတွင်း) တွင် မန္တလေးငလျင်ကြီးကြောင့် စက်ရုံအဆောက်အအုံများ ပျက်စီးခဲ့သော်လည်း ရက်ကန်းစက်များနှင့် ဆက်စပ်ပစ္စည်းများကို ဆယ်တင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း အဆိုပါစက်ရုံမှ သိရသည်။

**စာမျက်နှာ ၆ သို့**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၈**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ



## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်

နေပြည်တော် ဩဂုတ် ၈

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် မြောက်ပိုင်းတို့တွင် လေဖိအား နည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ မိုး/ဧလ

၂၀၂၆ ခုနှစ် ၊ ဩဂုတ် ၉ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

## ကိုယ်ကျင့်တရားကောင်းအောင် နေထိုင်ကျင့်ကြံရမည်ဖြစ်

ကိုယ်ကျင့်တရားဟူသည် ကိုယ်၊ နှုတ်စောင့်စည်းထိန်းသိမ်းမှုပင်ဖြစ်သည်။ မိမိလုပ်သောအလုပ် မိမိပြောသောစကား၊ မိမိတွေးသော အတွေးအကြံမှန်သမျှသည် ရိုးသားဖြောင့်မတ်ရမည်ဖြစ်သည်။ သူတစ်ပါးအပေါ် နစ်နာမည့် အလုပ်အကိုင်၊ အပြောအဆို၊ အတွေးအကြံတို့ကို ရှောင်ကြဉ်ရမည်လည်းဖြစ်သည်။ မကောင်းမှုပြုရမည်ကို ရှက်တတ်၊ကြောက်တတ်ရမည်ဖြစ်သည်။ သို့မှသာ ကိုယ့်ကျင့်တရားကောင်းသူဖြစ်လာမည်ဖြစ်သည်။ ချမ်းသာသူတို့၏ အရင်းအနှီးက ဥစ္စာ၊ ဆင်းရဲသူတို့၏ အရင်းအနှီးက ကိုယ့်ကျင့်တရားဟု ရှေးပညာရှိတို့က ဆိုမိန့်ခဲ့ဖူးသည်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး"ဟူသော စကားရှိပြီး အစကောင်းမှ အနှောင်းသေချာဟူသော စကားလည်းရှိပါသည်။ ပစ္စုပ္ပန်သည် အနာဂတ်အတွက် အုတ်မြစ်ဖြစ်သကဲ့သို့ လူငယ်များသည် နောင်တခေတ်၏ ကောင်းကျိုးအတွက် အခြေခံအင်အားများဖြစ်သည်။ လူငယ်လူရွယ်ကျောင်းသားဘဝအစမှ ရင့်ကျက်တည်ငြိမ်သော ကိုယ်ကျင့်တရားကောင်းမွန်သောသူများဖြစ်လာမည်ဖြစ်သည်။ မှန်ကန်သည့် အသိအမြင်များရရှိစေရန် စာကောင်းပေမွန်များကို ဖတ်ရှုပြီး မိဘဆရာသမားများ၏ အဆုံးအမများအတိုင်း လိုက်နာနေထိုင်ရမည်ဖြစ်သည်။ ပညာရှေ့အိုးလူမခိုးဆိုသည့်အတိုင်း ပြောင်းလဲတိုးတက်နေသည့် ပညာခေတ်တွင် ပညာကို တစိုက်မတ်မတ်ရှာဖွေရမည်ဖြစ်သည်။

ထို့ပြင်ယဉ်ကျေးလိမ္မာခြင်းဆိုသည်မှာ လူသားတိုင်းအတွက် ဂုဏ်ရည်ဖြစ်သည်။ ယဉ်ကျေးခြင်းသည် ကိုယ်စိတ်နှလုံး၊ အမူအရာ ယဉ်ကျေးသိမ်မွေ့ခြင်းလည်းဖြစ်သည်။ လိမ္မာခြင်းဆိုသည်မှာ အမှား၊ အမှန်အကျိုးအပြစ်ဆင်ခြင်ပြီး အမှန်ကို ပြုမူကြံစည်ကာ အကျိုးဖြစ်ထွန်းစေခြင်းဖြစ်သည်။ ထို့ကြောင့် လူသားဂုဏ်ရည်မြင့်မားအောင် ယဉ်ကျေးလိမ္မာခြင်းကို ကျင့်ကြံပျိုးထောင်ပိုင်ဆိုင်သင့်လှသည်။

မိဘဆရာလူကြီးသူမများ၏ ဆုံးမသွန်သင်မှုသည် မြန်မာ့လူ့ဘောင်၏ ယဉ်ကျေးလိမ္မာခြင်း အုတ်မြစ်ဖြစ်သည်။ လက်ဦးဆရာဖြစ်သော မိဘများက သား၊ သမီးတို့၏ နေထိုင်စားသောက်မှုနှင့်ယဉ်ကျေးလိမ္မာလာအောင် ညွှန်ပြရမည်ဖြစ်သည်။ မိဘများက နူနယ်သောနှလုံးသားပိုင်ရှင် ကလေးဘဝကပင် ပုံပြင်ဇာတ်တော်များ ဟောပြောကာ ရသခံစားမှုမှတစ်ဆင့် စိတ်နှလုံးယဉ်ကျေးအောင်လည်း သွန်သင်ဆုံးမရမည်ဖြစ်သည်။ မိဘရင်ခွင်မှ ပညာရင်ခွင်သို့ ပို့ဆောင်ရသော အရွယ်တွင် ဆရာတို့က ယဉ်ကျေးလိမ္မာအောင် သွန်သင်ဆုံးမရမည်ဖြစ်သည်။

ထို့အပြင် စာအုပ်ကောင်းများဖတ်ခြင်းကလည်း ယဉ်ကျေးလိမ္မာလာအောင် သွန်သင်ဆုံးမမှုနှင့်တူသည်။ ဆရာကြီး ရွှေဥဒေါင်း၏ တစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ စာအုပ်ကို ဖတ်ရသောအခါ လူငယ်ဘဝတစ်လျှောက်ဖြစ်တတ်ပျက်တတ်ပုံ၊ လူ့သဘာဝ၊ လောကသဘာဝများကို မှတ်သားဆင်ခြင်နိုင်မည်ဖြစ်သည်။ အမျိုးသားပညာဝန် ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုများ ဖတ်ရသောအခါ လူငယ်များအတွက် အဖိုးထိုက်တန်သော ကိုယ်ကျင့်တရားနှင့်ယဉ်ကျေးမှု ရှိသင့်ပုံတို့ကို သင်ခန်းစာအဖြစ် ရရှိမည် ဖြစ်သည်။

ယဉ်ကျေးလိမ္မာခြင်း၏ အကျိုးကျေးဇူးမှာကြီးမားလှသည်။ "တစ်ယောက်စကားတစ်ယောက်နားမှာ၊ မခါးရအောင်၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ချိုလှစေ"ဟူသော ရှင်မဟာရဋ္ဌသာရ၏ ဆိုဆုံးမစကားအတိုင်း ယဉ်ကျေးစွာ ဆက်ဆံလျှင် လူချစ်လူခင်ပေါများပြီး ဆက်သွယ်ဆောင်ရွက်သမျှကိစ္စအဝဝ အောင်မြင်မည်ဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့ခြင်းနှင့်အတူ နှုတ်ခွန်းချိုသာရန်လည်း လိုအပ်မည်ဖြစ်သည်။ နှုတ်ခွန်းချိုသာမှုကို လူတိုင်းနှစ်သက်ကြပြီး သာယာမှုကိုလည်း နှစ်သက်ကြသည်။

သို့ဖြစ်ရာ ကိုယ်ကျင့်တရားဟူသည် လူသားတိုင်းအတွက် ဘဝတန်ဖိုးဖြစ်သည်။ လူငယ်လူရွယ်ကျောင်းသားဘဝကပင် ကိုယ်ကျင့်တရားကောင်းအောင် နေထိုင်ကျင့်ကြံပြီး မိမိကိုယ်ကို မိမိပြုစုပျိုးထောင်ယူရမည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။

---

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | |
|---|---|
| ပထမပတ် | - မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

---

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY
2026
DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား "

---

၈ - ၈ - ၂၀၂၆ ရက်နေ့
ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

---

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် ဩဂုတ် ၈

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

---

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

---

## မန္တလေးတွင် အိမ်ထောင်စုအလိုက် တစ်လလျှင် စားအုန်းဆီ(၂ ဒသမ ၅)ပိဿာနှုန်းကို သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဝယ်ယူခွင့်ရစေရန် One Stop Service ဖြင့် ဆောင်ရွက်ပေး

မန္တလေး ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်အသီးသီးတွင် နေထိုင်လျက်ရှိသော ပြည်သူများအတွက် အိမ်ထောင်စုအလိုက် တစ်လလျှင် စားအုန်းဆီ(၂ ဒသမ ၅) ပိဿာနှုန်းကို သတ်မှတ်ရည်ညွှန်းဈေးဖြင့် စနစ်တကျဝယ်ယူခွင့်ရရှိစေရန် ရည်ရွယ်၍ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးက သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်၊ ရက်ကွက်တာဝန်ခံများ၊ မန္တလေးတိုင်းဒေကြီး ဆီလုပ်ငန်းရှင်များအသင်းမှ မြို့နယ်အလိုက်တာဝန်ရှိသူများ၊ ဆီရောင်းချခွင့်ရရှိသည့် လက်လီ/လက်ကားကိုယ်စားလှယ်လုပ်ငန်းရှင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က One Stop Service စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာမှာ ယမန်နေ့နေ့လယ်ပိုင်းက စားသုံးသူရေးရာဦးစီးဌာန ပြည်ကြီးတံခွန်မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ (၈) ရပ်ကွက်ရှိ ရပ်ကွက်တာဝန်ခံနှင့်ရာအိမ်မှူးများ၊ ဆီလုပ်ငန်းရှင်များအသင်းတာဝန်ခံများနှင့် ဆီလုပ်ငန်းရှင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်၊ ၅၉ လမ်း၊ ၁၂၄ လမ်းနှင့် ၁၂၅ လမ်းကြားရှိ (တတ-၆)မွေ့ရုံ၌ အိမ်ထောင်စုအလိုက် စားအုန်းဆီဝယ်ယူခွင့်စာအုပ်(အသစ်)ပြုလုပ်ပေးခြင်းနှင့်အဟောင်းလဲလှယ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ကြီးတံခွန်မြို့နယ်တာဝန်ခံ ဒေါ်မေသက်ထွန်းက ပြောသည်။

"အိမ်ထောင်စုတွေအနေနဲ့ ဆီဝယ်ယူခွင့်စာအုပ်ပြုလုပ်ဖို့အတွက် မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်နဲ့ လိပ်စာတို့ လိုအပ်ပါတယ်၊ ဆီဝယ်ယူခွင့်စာအုပ်တွေမှာ အိမ်ထောင်စုအလိုက် လိုအပ်သည့် အချက်အလက်များထည့်သွင်းပြီး တင်ပြလာတဲ့ မူရင်းနဲ့ တိုက်ဆိုင်စစ်ဆေးပြီးမှသာ ပြည်သူတွေက မိမိတို့ဝယ်ယူရမယ့် ဆီဆိုင်အမည်၊ ဖုန်းနံပါတ်၊ဝယ်ယူရမယ့်အချိန်နဲ့ဌာနက သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းများ၊ တစ်စုံတစ်ရာကျေနပ်မှုမရှိပါက တိုင်ကြားရမယ့် ဖုန်းနံပါတ်တွေပါဝင်တဲ့ ဆီဝယ်ယူခွင့်စာအုပ်တွေ ရှိမှာဖြစ်ပါတယ်"ဟု စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ကြီးတံခွန်မြို့နယ်တာဝန်ခံ ဦးစီးအရာရှိ ဒေါ်မေသက်ထွန်းက ပြောသည်။

အဆိုပါ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အိမ်ထောင်စု ၁၉၉ စုအတွက် ဆီဝယ်ယူခွင့်စာအုပ် ၁၉၉ အုပ် ပြုလုပ်ပေးနိုင်ခဲ့ပြီး ကျန်ရှိနေသေးသည့် အိမ်ထောင်စုများအတွက်လည်း ဆီဝယ်ယူခွင့်စာအုပ်များကို ဆက်လက်ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၅)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

- ရေဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်း ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်နှင့် မြစ်အထက်ပိုင်းမှ စီးဆင်းလာသည့် ရေများအားလုံး လူနေထိုင်ရာနေရာများသို့ ဝင်ရောက်မှုမရှိဘဲ ရေစီးကြောင်းအတိုင်း စီးဆင်းသွားနိုင်ရေး စနစ်တကျသုတေသန ပြုဆောင်ရွက်သွားနိုင်ရန်လို
- မြစ်ချောင်းများ၏ မြစ်ကြမ်းခင်း Bed Level များကို စောင့်ကြည့်ပြုပြင်ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက ရေငန်ဝင်ရောက်မှုများကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်၊ ရေငန်ဝင်ရောက်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေနိုင်၊ ထို့ကြောင့် ရေငန်တားတာများ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ မြစ်ချောင်းများ၌ Low Head Dam များဆောက်လုပ်ခြင်းဖြင့်လည်း ရေငန်ဝင်ရောက်မှုကို လျှော့ချနိုင်၊ မြေအနိမ့်အမြင့်အပေါ်မူတည်၍ အပိုင်းလိုက်ဆောင်ရွက်သွားကြရန်လို

❖ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ တာတမံပြုပြင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ**

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ငဝန်မြစ်ရေကာတာတမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေကြီးရေလျှံဖြစ်ပွားမှုဆိုင်ရာများနှင့် တာတမံ၏ သမိုင်းကြောင်းဆိုင်ရာများ၊ လေးမျက်နှာမြို့နယ်၊ ငဝန်တာ တာမိုင် ၂၅/၃ အနီး တာအိတာလျှောဖြစ်ပွားမှုနှင့် သဲဗွက်ဖြစ်ပွားမှုအခြေအနေများ၊ လူနေရပ်ကွက်များ၊ အခြေခံပညာကျောင်းများအတွင်း ရေဝင်ရောက်မှုအခြေအနေများ၊ ရေကြီးရေလျှံမှု စတင်ဖြစ်ပွားချိန်မှစ၍ ဘေးသင့်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ဘေးလွတ်ရာကို ရွှေ့ပြောင်းပေးရေး၊ စားရေရိက္ခာများထောက်ပံ့ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ခြင်းတို့ကို အရှိန်အဟုန်မြင့် တာဝန်ယူဆောင်ရွက်လျက်ရှိမှု၊ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ လာရောက်ကြသည့် ပရဟိတကားများအတွက် စက်သုံးဆီများ ဖြန့်ဖြူးဆောင်ရွက်ထားရှိမှု၊ ကျုံပျော်မြို့နယ်အတွင်း ရေဝင်ရောက်လာနိုင်မည့်ကျေးရွာများအား ရေဘေးရှောင်စခန်းများသို့ ကြိုတင်ပြောင်းရွှေ့ပေးနိုင်ရေး အစီအမံရေးဆွဲထားရှိမှု၊ ရေကျသွားသည့် နေရာများမှ စာသင်ကျောင်းများ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်၍ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရေများ ပြန်လည်ကျဆင်းလျက်ရှိမှုနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေငန်ဝင်ရောက်သည့် မြစ်ကြီးများနှင့် ရေငန်ဝင်ရောက်မှုအခြေအနေများ၊ ရေငန်ဝင်ရောက်မှုကာကွယ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမြထွန်းဦး၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများက တမံကျိုးပေါက်မှုဖြစ်စဉ် စတင်ခဲ့သည့် ဇူလိုင်လ ၃၁ ရက်နေ့မှစပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိ ပြည်ထောင်စုဝန်ကြီးဌာနတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ စေတနာလုပ်အားရှင်များ စုပေါင်းပြီး တုတ်တန်းရိုက်၊ ဝါးထရံကာခြင်း၊ Geobag ချခြင်း၊ ကရိန်းရေယာဉ်ဖြင့် ရေဝင်လမ်းအထက်၌ သဲအိတ်ချခြင်း၊ သံခွံCB တွဲဖြင့် သဲဖြည့်မြှုပ်ချပြီး ရေဝင်ထိန်းကာကွယ်ခြင်း၊ ပန်းတာ၏ ဘယ်ညာတို့တွင် သဲအိတ်ချပိတ်ခြင်း စသည်တို့ကို အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိမှု၊ ရေဘေးသင့်ဒေသများတွင် လှုပ်ရှားဆေးအဖွဲ့များဖြင့် အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ သောက်သုံးရေနှင့် ကျန်းမာရေးနှင့်အညီ သန့်ရှင်းသည့် အစားအသောက်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းများ လုံလောက်စွာရရှိရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ရေဝင်နစ်မြုပ်ခဲ့သည့် စိုက်ပျိုးလယ်ယာများအားစစ်ဆေး၍ ပြန်လည်စိုက်ပျိုးရန် လိုအပ်သည့် စပါးစိုက်ခင်းများ၌ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး စပါးမျိုးများ စုဆောင်းထားရှိမှုနှင့် အခြားလိုအပ်သည်များကို ပြင်ဆင်စီမံဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စက်ယန္တရားများပြင်ဆင်ထားရှိမှု၊ တောင်သူများအနေဖြင့် ရေကျသွားချိန်တွင် အချိန်မီစိုက်ပျိုးနိုင်ရေး မြေပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိမှု၊ တာတမံများ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ရေပြန်လည်ကျဆင်းသွားသည့်အချိန်တွင် ရထားလမ်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအပါအဝင် ပို့ဆောင်ရေးလုပ်ငန်းများ မူလအတိုင်း ပြန်လည်ဆောင်ရွက်နိုင်ရေး စီမံထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်မှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မူလကမ်းရင်းတာနှင့် ငဝန်တာ(မြစ်ကျိုးပန်းတာ) တို့တည်ဆောက်ခဲ့မှုနှင့် ပြုပြင်ထိန်းသိမ်းခဲ့မှုအခြေအနေများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ယခင်က တာကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့မှုအခြေအနေများ၊ ယခုရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ရေဘေးသင့်ပြည်သူများကို ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားသည့် ဒေသများရှိ ပြည်သူများ၏ တစ်ကိုယ်ရေကျန်းမာရေးနှင့် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာရရှိရန်လိုကြောင်း၊ ရေနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ခင်းများအား ပြန်လည်စိုက်ပျိုးသွားမည်ဆိုပါကလည်း အောင်မြင်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ စပါးပြန်လည်စိုက်ပျိုးရန် စိုက်ပျိုးချိန်အခက်အခဲရှိပါက အခြားသီးနှံများကို စိုက်ပျိုးသွားကြရန်လိုကြောင်း၊ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့် ယန္တရားများကို ကြိုတင်ရွှေ့ပြောင်းထားရန်နှင့် လိုအပ်သည့် စက်သုံးဆီများကိုလည်း ကြိုတင်စုပုံထားရှိသွားရန်လိုကြောင်း၊ တမံနိမ့်ကျပျက်စီးသွားသည့်နေရာအား ယာယီပြန်လည်ထိန်းသိမ်းဆောင်ရွက်ရာတွင် အချိန်တိုအတွင်း အလျင်အမြန်ပြီးစီးအောင် ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးပူးပေါင်းဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ရေကြီးရေလျှံမှု အချိန်ကာလကြာမြင့်နေမည်ဆိုပါက လူများ၏နေထိုင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများ ပိုမိုများပြားစေမည်ဖြစ်သဖြင့် ရေကျော်စီးဝင်ခဲ့သည့်ရေများ အမြန်ပြန်လည်ကျဆင်းနိုင်ရေး ရေဆင်းလမ်းကြောင်းများ စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုမိုးရာသီကာလအတွင်း တာတမံမြေနိမ့်ကျမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက်လည်း လိုအပ်သည့်မြေပြင်ကွင်းဆင်း စစ်ဆေးတိုင်းတာခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုတင်ဆောင်ရွက်သွားရန်လိုကြောင်း ဖြည့်စွက်မှာကြားသည်။

**သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးနှင့် ပထဝီဝင်အနေအထားအရ ပေးအပ်ထားသည့် အရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချနိုင်ရေး**

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မကြာသေးမီကာလအတွင်းက ငဝန်ရေကာတာနိမ့်ကျ၍ ရေကျော်စီးဝင်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လူသားတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကို ရှောင်လွှဲ၍ မရနိုင်သော်လည်း လူတို့၏လုပ်ဆောင်ချက်များဖြင့် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိဆောင်ရွက်နိုင်ပြီး သဘာဝဘေးအန္တရာယ် မလွှဲမသွေ ရင်ဆိုင်ကြုံတွေ့လာရပါကလည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မည်ကဲ့သို့ အဆင့်အလိုက်ဆောင်ရွက်ရမည်ကိုလည်း သိရှိနားလည်ကြရန်လိုကြောင်း၊ မိမိယခုလာရောက်ခဲ့ခြင်းသည်လည်း ယခုကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်ကို ကျော်လွှားနိုင်ရေး မည်သို့ဆောင်ရွက်ရမည်ကို သိရှိလို၍ လာရောက်ကြည့်ရှုစစ်ဆေးခြင်းပင်ဖြစ်ကြောင်း၊ မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများအားလုံး၏ ရေစီးရေလာမှုနှင့် ရေဝင်ရေထွက်မှုများ၊ မြစ်ကြမ်းခင်း Bed level များအား စဉ်ဆက်မပြတ်သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ လိုအပ်သည့် ရေကြောင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် နုန်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည်ဖြင့်ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ်ဖြစ်ပွားမှုကို ကြိုတင်တားဆီးကာကွယ် လျှော့ချခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ သို့ဖြစ်၍ ဆည်မြောင်းနှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျ စဉ်ဆက်မပြတ် လေ့လာဆန်းစစ် သုံးသပ်စောင့်ကြည့်ဆောင်ရွက်နေကြရန်လိုကြောင်း။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်း ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်နှင့် မြစ်အထက်ပိုင်းမှ စီးဆင်းလာသည့် ရေများအားလုံး လူနေထိုင်ရာနေရာများသို့ ဝင်ရောက်မှုမရှိဘဲ ရေစီးကြောင်းအတိုင်းစီးဆင်းသွားနိုင်ရေး စနစ်တကျသုတေသနပြုဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မြစ်ချောင်းများ၏ မြစ်ကြမ်းခင်း Bed Level များကို စောင့်ကြည့်ပြုပြင်ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက ရေငန်ဝင်ရောက်မှုများကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ရေငန်ဝင်ရောက်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် ရေငန်တားတာများတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ မြစ်ချောင်းများ၌ Low Head Dam များဆောက်လုပ်ခြင်းဖြင့်လည်း ရေငန်ဝင်ရောက်မှုကို လျှော့ချနိုင်ကြောင်း၊ မြေအနိမ့်အမြင့်အပေါ်မူတည်၍ အပိုင်းလိုက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ငွေကြေးကုန်ကျမှုများပြားနိုင်သော်လည်း ရေရှည်တွင် ပြန်လည်ရရှိမည့်အကျိုးကျေးဇူးများကိုကြည့်၍ စနစ်တကျတွက်ချက်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း။

ပုသိမ်မြစ်နှင့်ပတ်သက်၍ ရှေးယခင်က ပုသိမ်မြစ်အတွင်းသို့ သင်္ဘောကြီးများ ဝင်ထွက်သွားလာဆိုက်ရောက်နိုင်ခဲ့ကြောင်း၊ ယခုအခါ Bed Level များမြင့်တက်လာမှုကြောင့် သင်္ဘောကြီးများ ဝင်ရောက်နိုင်မှုနည်းပါးလာကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများကို ပုသိမ်မြစ်ကြောင်းမှတစ်ဆင့် သင်္ဘောကြီးများဖြင့် သယ်ယူပို့ဆောင်နိုင်ကြောင်း၊ အလားတူ ပြည်တွင်းအတွက်လိုအပ်သည့်ပစ္စည်းများကို ပုသိမ်မြို့ဆိပ်ကမ်းမှတစ်ဆင့် ဆောင်ရွက်နိုင်ခြင်းကြောင့် မိမိတို့နိုင်ငံ၏ ဒုတိယဆိပ်ကမ်းမြို့အဖြစ် ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် သဘာဝမှပေးထားသည့် မြေနှင့် ရေကို အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက အကျိုးကျေးဇူးများစွာ ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အဖိုးတန်ရေချိုကို အကျိုးရှိအောင်သုံးစွဲနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးမြေနေရာများသို့ စာမျက်နှာ ၄ သို့



ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများ လက်ခံသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ရေဘေးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှု အခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းတင်ထားသည့် "သဘာဝ ဘေးအန္တရာယ်ကို စုပေါင်းစွမ်းအားနဲ့ ကျော်ဖြတ်ကြမယ်" Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးဒုက္ခကြုံတွေ့နေရသည့် ပြည်သူများကို စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည့် မင်္ဂလာရှိသော အခမ်းအနားတစ်ခုဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

*စာမျက်နှာ ၃ မှ*

ရေငန်များ ဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြစ်များအတွင်း သွားလာရေးအတွက် အသုံးပြုနိုင်သကဲ့သို့ မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ စိုက်ပျိုးရေးအတွက် လိုအပ်သည့် ရေချိုများရရှိရေး ဆောင်ရွက်ရာတွင်မြစ်ချောင်းများအတွင်း ရေငန်ဝင်ရောက်မှုများ မရှိအောင် စနစ်တကျဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရေချိုများရရှိစေရေး နွေရာသီကာလတွင်နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်မြစ်ရေတင် လုပ်ငန်းများဖြင့် ဆောင်ရွက်သွားနိုင်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်များရှိသကဲ့သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးခြင်းနှင့် တောင်သူများအနေဖြင့် သမဝါယမစနစ်ဖြင့် စုပေါင်းဆောင်ရွက်၍ရကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ GDP မြင့်မားသည့် တိုင်းဒေသကြီးခြောက်ခုတွင် အမြင့်ဆုံးတွင်ရှိကြောင်း၊ထို့ကြောင့်ဧရာဝတီတိုင်းဒေသကြီးအတွင်း ရှိပြီးဖြစ်သည့် မြေခံရေခံကောင်းများကို အသုံးချ၍ GDP တိုးတက်မြင့်မားအောင်ဆောင်ရွက်ပြီး ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

လူသားအရင်းအမြစ်လိုအပ်ချက်နှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပညာတတ်လူသားအရင်းအမြစ်များ လုံလောက်စွာရှိပြီးဖြစ်သဖြင့် လူသားအရင်းအမြစ်များကို အရည်အသွေးပိုမိုမြင့်မားလာစေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးသည့်နိုင်ငံများသည် ပညာတတ်များ ပေါကြွယ်ဝသည့်နိုင်ငံများဖြစ်ကြကြောင်း၊ ထို့ကြောင့် ပညာတတ်များ ပေါကြွယ်ဝစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုသဖြင့် ပညာရေးကိုအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဆယ်စုနှစ်များအလိုက် ပညာရည်မှတ်တမ်းများအား ပြန်လည်သုံးသပ်ကြည့်ရှုရာတွင် မိမိတို့နိုင်ငံ၏ပညာရေးကဏ္ဍတွင် အားနည်းမှုများရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏ပညာရေးကဏ္ဍမြင့်မားစေရေး KG+9 အထိ မသင်မနေရစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာအလယ်တန်းအဆင့်ကို ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက အထက်တန်းအဆင့်သို့ ဆက်လက်အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေခံ၊ မြေခံကောင်းများရှိပြီးဖြစ်သဖြင့် အဆိုပါရေခံမြေခံကောင်းများကို အသုံးချနိုင်ရန်အတွက် ပညာတတ်လူသားအရင်းအမြစ်များကို မဖြစ်မနေမွေးထုတ်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွင်း ထိပ်တန်းအဆင့်တွင်ရှိသည့် တိုင်းဒေသကြီးတစ်ခုအဖြစ်သို့ ရောက်ရှိလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ဒေသတွင်းနေထိုင်ကြသူများကလည်း ကြိုးစား၍ ဒေသတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရာတွင် မိမိတို့ဒေသအလိုက် ပထဝီဝင်အနေအထားအရ ပေးအပ်ထားသည့် အရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချနိုင်ရေးတို့နှင့်ပတ်သက်၍ သာမန်အားဖြင့် စဉ်းစားဆောင်ရွက်၍မရဘဲ အမြင်ကျယ်ကျယ်နှင့် ဘက်ပေါင်းစုံမှ စဉ်းစားတွေးခေါ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်မှ မူဝါဒချမှတ် တွန်းအားပေး၍ ဆောင်ရွက်ခြင်းမျိုးမဖြစ်စေလိုဘဲ မိမိတို့ တာဝန်ယူထားရသည့်ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းရာကောင်းကျိုးများကိုလုပ်၍ ရသည့်နည်းလမ်းများဖြင့် စေတနာထားကြိုးပမ်းဆောင်ရွက်၍ ဒေသနှင့် နိုင်ငံ၏အကျိုးကို ဖော်ဆောင်သွားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့အား ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**“ ယနေ့ ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် စုစုပေါင်းအလှူငွေ ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကို လက်ခံရရှိ ”**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စေတနာရှင်၊ အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စေတနာရှင်၊ အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

*စာမျက်နှာ ၄ မှ*

၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေးမျက်နှာမြို့နယ် ဝေနိတာ၏ အောက်ခံမြစ် ကျိုးအင်းသဲကြောမှ တစ်ဆင့် ထူးပေါက်ပြီး ရေဖြတ်သန်းစီးဆင်း ခြင်းကြောင့် တာတမံနိမ့်ကျ ရေကျော်စီးဝင်ခဲ့၍ လေးမျက်နှာ မြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာ ၁၃၈ ရွာမှ အိမ်ထောင်စု ကိုးထောင် ကျော်၊ လူဦးရေ သုံးသောင်း ကိုးထောင်ကျော် ရေဘေးသင့်ခဲ့ ပြီး ကယ်ဆယ်ရေးစခန်း ၁၇ ခု ဖွင့်လှစ်ထားသည့် အခြေအနေ ဖြစ်ပါကြောင်း။

ကျိုးပေါက်မှုဖြစ်စဉ် စတင်ခဲ့ သည့် ဇူလိုင် ၃၁ ရက်မှစပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရ အဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိ ပြည်ထောင်စုဝန်ကြီးဌာန တာဝန် ရှိသူများ၊ ဒေသခံပြည်သူများ၊ စေတနာလုပ်အားရှင်များ စုပေါင်း ပြီး တုတ်တန်းရိုက်၊ ဝါးထရံ ကာခြင်း၊ Geobag ချခြင်း၊ ကရိန်း ရေယာဉ်ဖြင့် ရေဝင်လမ်းအထက်၌ သဲအိတ်ချခြင်း၊ သံခွံ CB တွဲဖြင့် သဲဖြည့်မြှုပ်ချပြီး ရေဝင်ထိန်း ကာကွယ်ခြင်း၊ ပန်းတာ၏ ဘယ် ညာတို့တွင် သဲအိတ်ချပိတ်ခြင်း စသည်တို့ကို အားကြိုးမာန်တက် ဆောင်ရွက်လျက် ရှိပါကြောင်း၊ လာမည့် ရက်များတွင်လည်း သစ်သား/သံကိုယ်ထည် စက်လှေ သုံးစင်းကို သဲဖြည့်ရေမြှုပ်ပြီး ရေစီးကြောင်း တားဆီးခြင်း၊ မြှုပ်ထားသည့် စက်လှေများ ပေါ်ကို သဲအိတ်ကြီးများ ထပ်ဖြည့် ချခြင်းတို့ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြစ်ရေကျချိန်တွင် ပန်းတာကို မိုးတွင်းကာလ ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရန် စီမံထားရှိပြီး ပွင်းလင်းရာသီ ရောက်ရှိချိန်တွင် အခိုင်အမာမြေဖို့ ခြင်းများကို ဆောင်ရွက်သွား ရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ပိုမိုခိုင်ခံ့စေ ရေးပန်းတာ၏ရေကျော်ဝင်ရောက် နေသည့်နေရာတွင် ၁၂ မီတာ အရှည်ရှိသည့် Steel Sheet Pile များကို အလျားပေ ၈၉၀ ခန့် အခုံးပုံ Pile ရိုက်သည့်လုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ရေဘေးဒဏ်ခံစားရသည့် ဒေသ များကို အလျင်အမြန် ကွင်းဆင်း ကြည့်ရှုပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေး ညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရ အဖွဲ့ကလည်း ရေကြီးရေလျှံမှု စတင်ဖြစ်ပွားချိန် ကတည်းက ဘေးသင့်သူများအား ရှာဖွေ ကယ်ဆယ်ရေး၊ ဘေးလွတ်ရာကို ရွှေ့ပြောင်းပေးရေး၊ စားရေရိက္ခာ များ ထောက်ပံ့ပေးခြင်း၊ ကျန်းမာ ရေး စောင့်ရှောက်မှုပေးခြင်း၊ မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ် ခြင်းတို့ကို အရှိန်အဟုန်မြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိ သည်ကို တွေ့ရကြောင်း။

မိမိတို့အစိုးရ တာဝန်ယူစဉ် အချိန်ကပင် စီးပွားရေးကဏ္ဍနှင့် ပတ်သက်လာပါက **နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေး စို့** ဟူသည့်မူဝါဒကို ချမှတ် လုပ်ဆောင်နေကြောင်း၊ **နိုင်ငံ တော်၏ စီးပွားရေးမြှင့်တင်ရန် လုပ်ဆောင်ရာတွင် ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်များကြောင့် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို ထိခိုက် စေနိုင်သည်ဆိုသည်ကို အမြဲ သတိပြုရန် မိမိအနေဖြင့် မကြာ ခဏ အသိပေးမှာကြားထားပြီး** ဖြစ်ကြောင်း၊ သို့သော်လည်း မိမိ တို့နိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝန်း ကြုံတွေ့နေရသည့် ရာသီဥတု ပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှု အစရှိသည့် အမျိုးမျိုးသော အကြောင်းအရာ များကြောင့် ယခုကဲ့သို့ကိစ္စရပ်များ ရှိနေဦးမည်ဖြစ်ကြောင်း၊ ရှိလာ သည့်အခါတွင်လည်း ထိခိုက် ပျက်စီးမှုများ လျော့နည်းသည် ထက်လျော့နည်းစေရေးနောက်ပိုင်း တွင် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၏ အဓိကရည်မှန်း ချက်ဖြစ်သည့် ဘေးဒဏ်များမှ ကြံ့ကြံ့ခံနိုင်ရမည်ဟူသည့် အနေ အထားအထိရောက်အောင် မိမိ တို့အားလုံး အတူတကွ ဝိုင်းဝန်း ဆောင်ရွက်ကြရန် ထပ်လောင်း မှာကြားလိုကြောင်း၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင်လည်း လက်ရှိကြုံတွေ့နေရသည့် ဘေး အန္တရာယ်များအပြင် နောင်ဖြစ်လာ နိုင်ခြေရှိသည့် ဘေးအန္တရာယ်များ အတွက်ပါ ကြိုတင်ထည့်သွင်း တွက်ဆပြီး သတ်မှတ်စံချိန်စံညွှန်း များနှင့်အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက် ကြရမည်ဖြစ်ကြောင်း။

ယခုရေဘေးကိုအစိုးရ၊ ဝန်ကြီး ဌာနများ၊ အဖွဲ့အစည်းများ၊ လူမှု ရေးအသင်းအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များနှင့် ပြည်သူများအတူ ဝိုင်းဝန်းပူးပေါင်း ဖြေရှင်းဆောင် ရွက်ကြရမည်လည်းဖြစ်ကြောင်း။

မိမိတို့ မြန်မာလူမျိုးများ၏ နှလုံးသားထဲတွင် **လှူလှျှင် မလျော့၊ မျှလှျှင်မကုန်** ဟူသော စိတ်ဓာတ် သည် အမြဲရှင်သန်နေတတ်ကြပါ ကြောင်း၊ မိမိတို့တွင် အနည်းငယ် သာရှိနေစေကာမူ လိုအပ်နေသူ များအား မျှဝေပေးရန် ဝန်မလေး ကြသည်မှာလည်း မြန်မာတို့၏ ချီးကျူးဖွယ် ဓလေ့တစ်ခုဖြစ်ပါ ကြောင်း၊ ယနေ့ အလှူငွေပေးအပ် ပွဲတွင်ဆိုပါကလည်း စေတနာရှင် ပြည်သူများမှ ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကို ပေးအပ် လှူဒါန်းခဲ့ကြသဖြင့် နိုင်ငံတော် အစိုးရကိုယ်စား၊ ရေဘေးသင့် ပြည်သူများ၏ကိုယ်စား ကျေးဇူး တင်ပါကြောင်းနှင့် မှတ်တမ်း တင်ပါကြောင်းကို ပြောကြားလို ကြောင်း။

သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာသည့် အခါတိုင်း မြန်မာပြည်အနှံ့မှ ပြည်သူများ အနေဖြင့် ဘေးသင့်သူများကို စိတ်တူကိုယ်တူ စုပေါင်းလှူဒါန်း ကူညီကြသည်ကိုလည်း မြင်တွေ့ရ ပြီး ပေးကမ်းခြင်းဆိုသည်မှာ ပစ္စည်းတန်ဖိုးထက် မေတ္တာတန်ဖိုး ကို ပိုမိုမြင့်မားစေပြီး လူမှုအသိုင်း အဝိုင်းကိုလည်း ပိုမိုနွေးထွေး ခိုင်မာစေသည့် အင်အားတစ်ရပ် ဖြစ်လာစေပါကြောင်း။

ယခုရင်ဆိုင်ကြုံတွေ့ရသည့် ရေကြီးရေလျှံမှု တုံ့ပြန်ရေး လုပ်ငန်းများသာမက ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ အထိ အားတက်သရော ထောက်ပံ့ လှူဒါန်းပေးကြသည့် စေတနာရှင်၊ အလှူရှင်များ၊ အဖွဲ့အစည်းများ၊ တစ်ဦးချင်း လူပုဂ္ဂိုလ်များအားလုံး နှင့် ပူးပေါင်းလက်တွဲဆောင်ရွက်မှု များအပေါ် လှိုက်လှဲစွာကျေးဇူး တင်ရှိပါကြောင်း၊ နိုင်ငံတော်နှင့် ရေဘေးသင့်ပြည်သူများ ကိုယ်စား ကျေးဇူး တင်ရှိပါကြောင်းနှင့် လှူဒါန်းမှုများအပေါ် လေးစားစွာ မှတ်တမ်းတင်ပါကြောင်း ပြော ကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စေတနာရှင်၊ အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

ယင်းနောက် နိုင်ငံတော် သမ္မတက ဖြည့်စွက်ပြောကြားရာ တွင် မိမိအနေဖြင့် ယခုအခမ်းအနား သို့ မလာရောက်မီ ရေဘေးဒဏ် ကြုံတွေ့ခံစားနေရသည့် လေး မျက်နှာမြို့နယ်အတွင်းရှိ ရေဘေး သင့်နေရာများသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့သော်လည်း ရာသီ ဥတုအခြေအနေ မပေးသဖြင့် ကန်ကြီးထောင့်မြို့နယ်၊ ငပုတော မြို့နယ်၊ သာပေါင်းမြို့နယ်တို့၏ မြေပြင်အခြေအနေကို ရဟတ် ယာဉ်ပေါ်မှသာ ကြည့်ရှုခဲ့ရကြောင်း၊ သဘာဝ ဘေးအန္တရာယ်နှင့် ပတ်သက်၍ လူတို့၏ ကြိုတင် ပြင်ဆင်မှုများဖြင့် ထိခိုက်သေကျေ ပျက်စီးဆုံးရှုံးမှုများ လျော့ပါးအောင် ဆောင်ရွက်နိုင်ကြောင်း၊ ယခင်က လည်း ဧရာဝတီတိုင်းဒေသကြီး အတွင်း ရေကြီးရေလျှံမှုများနှင့် မုန်တိုင်းတိုက်ခတ်မှုများကြောင့် ထိခိုက်သေကျေမှုများ ဖြစ်ပေါ်ခဲ့ ကြောင်း၊ သဘာဝဘေးဒဏ်များကို ကာကွယ်နိုင်ရန်အတွက် ကြိုတင် ပြင်ဆင်ခြင်း လုပ်ငန်းများကို စနစ်တကျ စောင့်ကြည့်လေ့လာ သုံးသပ်ဆန်းစစ်ဆောင်ရွက်သွား ရမည်ဖြစ်ကြောင်း၊ ယခု လာရောက် လှူဒါန်းကြသည့် အလှူရှင်များ သည် ဧရာဝတီတိုင်းမှသာမက အခြားဒေသများမှလည်း ပါဝင် ကြောင်း၊ ယခင်က ဧရာဝတီတိုင်း ဒေသကြီးအတွင်း ရေကြီးကွင်း၊

*စာမျက်နှာ ၆ သို့*



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ စေတနာရှင်၊ အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း စေတနာရှင်၊ အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် စေတနာရှင်၊ အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

*စာမျက်နှာ ၅ မှ*

ရေနက်ကွင်းများကို စိုက်ပျိုးမြေများအဖြစ် ဖော်ထုတ်ဆောင်ရွက်ခဲ့ကြောင်း၊ ရေထိန်းတမံ တည်ဆောက်သင့်သည့် နေရာများ၌ ရေထိန်းတမံများ တည်ဆောက်၍ ရေဝင်ရောက်မှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နောင်အနာဂတ်တွင် ရေကြီးရေလျှံမှုများ လျှော့ချနိုင်ရေး စနစ်တကျ သုံးသပ်တွက်ချက်၍ ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့ မြန်မာနိုင်ငံသား တိုင်းရင်းသားများအနေဖြင့် မိမိတို့ရှိသည့်အတိုင်းအတာများဖြင့် လှူဒါန်းလိုသည့်စိတ်များ၊ ကူညီလိုကြသည့်စိတ်များ ကိုယ်စီရှိကြသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရပြီး ထိုသို့ လှူဒါန်းမှုများ၊ စေတနာသဒ္ဓါတရားများ၏ အကျိုးကို မုချခံစားရမည်ဖြစ်ကြောင်း၊ မွန်မြတ်သည့်စိတ်ကိုအရင်းခံ၍ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ကောင်းမွန်သည့်အကျိုးကို မလွဲမသွေခံစားရမည်ဖြစ်ကြောင်း၊ ယနေ့လှူဒါန်းသည့် အလှူရှင်များသည်လည်း စေတနာအရင်းခံ၍ လှူဒါန်းခြင်းဖြစ်သဖြင့် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်ပြီး ဗုဒ္ဓဘာသာ အယူအဆအရလည်း ကောင်းမွန်သည့် ဆောင်ရွက်မှုဖြစ်ရန် ကောင်းမွန်သည့် အကျိုးရလဒ်များကို ပြန်လည်ခံစားရမည်ဖြစ်ကြောင်း။

ဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရပြီးနောက်ပိုင်းတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်ပေး၍ ဆောင်ရွက်ကြရပြီး မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကို မိမိတို့အနေဖြင့် ယခုအချိန်အထိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေရဆဲဖြစ်ကြောင်း၊ အလားတူ အခြားအကြောင်းအမျိုးမျိုးကြောင့် မြို့ပြကျေးရွာများရှိအခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများကိုလည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုလာရောက်လှူဒါန်းကြသူ အများစုသည် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသူများ ဖြစ်ကြပြီး စီးပွားရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် မိမိအကျိုးနှင့် နိုင်ငံတော်၏ အကျိုးကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့်လည်း နိုင်ငံ့စီးပွားတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ်အတွင်း ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ စေတနာရှင်၊ အလှူရှင်များ၊ အသင်းအဖွဲ့များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်သမ္မတက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် စေတနာရှင်၊ အလှူရှင်များ၊ အသင်းအဖွဲ့များက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စုစုပေါင်းအလှူငွေ ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

PPIB News

❑ *ရွှေဖုံးမှ*

အဆိုပါစက်ရုံတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် စက်ပစ္စည်းများအား ရွှေ့ပြောင်းတပ်ဆင်ထားရှိမှု၊ စက်ရုံရှိ စက်ပစ္စည်းများ ပျက်စီးမှု လျော့နည်းစေရေးအတွက် ဆယ်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့်အတူ ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ သွားရောက်ကြည့်ရှုစဉ် ရွှေ့ပြောင်း တပ်ဆင်ထားသည့် ရက်ကန်းစက်များဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရေးအတွက် စက်တပ်ဆင်ခြင်း၊ ချိန်ညှိခြင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကုန်ကြမ်းများကိုစုဆောင်းထားရှိရန်၊ စက်ရုံပြန်လည်တည်ဆောက်ရေး ဆောင်ရွက်မည့် အစီအမံ၊ စက်ပစ္စည်းများအား ပြန်လည်ဆယ်တင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများကို ရေးဆွဲဆောင်ရွက်ရန်၊ စက်ရုံရှိ စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု လျော့နည်းရေးအတွက် ဆယ်တင်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် မြစ်သားမြို့နယ်ရှိ အမှတ်(၇)အထည်စက်ရုံ (မြစ်သား)၌ ဦးဆောင်ညွှန်ကြားရေးမှူး၊ ကျောက်ဆည် စက်မှုနယ်မြေရှိ စက်ရုံမှူး၊ စက်ရုံတာဝန်ခံများ၊ အရာထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံတော်သမ္မတက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများ၊ စီးပွားရေးရာ ကော်မတီအစည်းအဝေးများ၊ တွေ့ဆုံပွဲများတွင် လမ်းညွှန် မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် အမှတ်(၈) အထည်စက်ရုံခွဲ (ရမည်းသင်း) ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ဝန်ကြီးဌာနများမှ အမှာစာများဖြင့် မှာယူထားသည့် ထုတ်ကုန်ပစ္စည်းများအား အချိန်မီထုတ်လုပ်ပေးရေး၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သီးနှံမျိုးစေ့၊ ပျိုးပင် ၊ သွင်းအားစုနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ ပြုလုပ်




**ခန္တီး ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ငွေလုံးငွေရင်း ရန်ပုံငွေမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သီးနှံမျိုးစေ့၊ ပျိုးပင်၊ သွင်းအားစုနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မှ ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ထက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းထိုက်နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးထွန်းနိုင်းတို့က တောင်သူများ ၏ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စုစုခိုင်က သွင်းအားစုပေးအပ်ပွဲနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တောင်သူများက မိမိတို့သိရှိလိုသည်များနှင့် စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို တင်ပြဆွေးနွေးရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသည့် ဌာနအသီးသီးမှ ပြန်လည်ဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်၊မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သီးနှံမျိုးစေ့၊ ပျိုးပင်၊ သွင်းအားစုနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ရာ တောင်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# လွှမ်းခြုံအောင်မြင် ခရီးစဉ်မှသည် ယုံကြည်လျှောက်လှမ်း အနာဂတ်လမ်းသို့

**ကေဇက်ဟိန်း (PPIB)**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၇ ရက်က ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ထိုင်းနိုင်ငံ (Official Visit) ခရီးစဉ်ဟာ အောင်မြင်စွာပြီးမြောက်ခဲ့ပါတယ်။ မိဘတွေ အပြင်သွားတဲ့အခါ မိသားစုတွေအတွက် တစ်စုံတစ်ခု ဝယ်လာစမြဲဆိုတဲ့ သဘာဝအတိုင်း သမ္မတကြီးရဲ့ ပြည်ပခရီးစဉ်များ နောက်ကွယ်မှာ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးအတွက် မြားမြောင်တဲ့ အကျိုးရလဒ်ကောင်းတွေကို ဖော်ဆောင်လာခဲ့တာကိုလည်း အားလုံးတွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ကဲ စာဖတ်သူတို့ရေ၊ ခရီးစဉ်ဒုတိယရက်ကို ဆက်ကြပါဦးစို့ဗျာ။

နိုင်ငံတော်အကြီးအကဲအနေနဲ့ ဒုတိယခရီးစဉ်ရက်မှာ ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌမစ္စတာ မုံခွန်း ဆူရာဆာဂျာနဲ့ တွေ့ဆုံခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ခရီးစဉ်တိုင်းမှာ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ကဏ္ဍ ပူးပေါင်းမှုကိုလည်း မဖြစ်မနေ အလေးထားဆောင်ရွက်ပေးနေတာကို တွေ့မြင်ရတယ်။ ပြည်ပခရီးစဉ်တိုင်းကို ပြန်ကြည့်ရင် နိုင်ငံတစ်နိုင်ငံရဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ နှစ်နိုင်ငံ တပ်မတော်ကဏ္ဍစတဲ့ ပင်မဒေါက်တိုင်တွေအတွက် အမြဲမပြတ် ဂရုတစိုက်လေ့လာဆောင်ရွက်ခဲ့သလို အခြားသောစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍစတဲ့ ကဏ္ဍစုံကိုလည်း မဖြစ်မနေလေ့လာဖော်ဆောင်လျက်ရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ နိုင်ငံတော်နဲ့ နိုင်ငံသူ နိုင်ငံသားတွေအပေါ်ထားရှိတဲ့ စိတ်စေတနာနဲ့ ဆန္ဒတွေအဖြစ် တွေ့မြင်ကြရမှာပါ။

ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌမစ္စတာ မုံခွန်း ဆူရာဆာဂျာနဲ့ တွေ့ဆုံစဉ်မှာတော့ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဖော်ဆောင်မှု၊ ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ဆောင်ရွက်သွားမှု၊ လွှတ်တော်အသီးသီးတွင် အမျိုးသမီးများပါဝင်မှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်သွားမှု၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မှု၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူညစ်ညမ်းမှုနှင့် မြစ်ရေညစ်ညမ်းမှုကိစ္စတို့ကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများအပေါ် ဆွေးနွေးညှိနှိုင်းအောင်မြင်ခဲ့မှုတွေကို အပြန်အလှန် သုံးသပ်ဆွေးနွေးခဲ့ကြပါတယ်။

> ❑ **“ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာအလုပ်သမားများ၏အခွင့်အရေးများ ပြည့်ဝစွာရရှိစေရေး၊ ဥပဒေနှင့်အညီ အကာအကွယ်ပေးရေးတို့နှင့် ပတ်သက်၍လည်း ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုကြောင်း” ဒီတောင်းဆိုမှုကို ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့တင်မက ထိုင်းအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌနဲ့ တွေ့ဆုံစဉ်မှာလည်း ကြားသိခဲ့ရပါတယ် ...**

**“ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာအလုပ်သမားများ၏ အခွင့်အရေးများ ပြည့်ဝစွာရရှိစေရေး၊ ဥပဒေနှင့်အညီ အကာအကွယ်ပေးရေးတို့နှင့်ပတ်သက်၍လည်း ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုကြောင်း”**

ဒီတောင်းဆိုမှုကို ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့တင်မက ထိုင်းအမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌနဲ့တွေ့ဆုံစဉ်မှာလည်း ကြားသိခဲ့ရပါတယ်။ စာရေးသူကိုမင်သက်မိစေခဲ့တဲ့ စကားတစ်ခွန်းလို့ ဆိုရပါမယ်၊ နိုင်ငံအတွက် အရေးကြီးတဲ့ကိစ္စရပ်တွေ ပြည့်နှက်နေတဲ့ကြားကပဲ ထိုင်းရောက်မြန်မာလူမျိုးတွေကို မှတ်မှတ်ရရရှိနေတာဟာ အကြီးအကဲရင်ထဲက လေးနက်မှု၊ သတိတရရှိမှုတွေပါပဲ။ “အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေခြင်း” ဆိုတာဟာ စကားလုံးတစ်လုံးထက် ပိုပြီးနက်ရှိုင်းပါတယ်။

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားဆိုရာမှာ ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်မှာ နိုင်ငံရေးဝါဒမှိုင်းကြောင့် ရွှေ့ပြောင်းလာခဲ့သူတွေအပါအဝင် မြန်မာအလုပ်သမားများထိ အကျုံးဝင်ပါတယ်။ သူတို့စိတ်ထဲ မည်သို့ရှိပါစေ၊ နိုင်ငံအကြီးအကဲကတော့ **“ဒါဟာ ကျွန်တော့်သားသမီးလေးတွေပါဗျာ၊ သူတို့လေးတွေကို စောင့်ရှောက်ပေးပါ”** ဆိုတဲ့ သဘောသက်ရောက်ပါတယ်။ မိဘတိုင်းရဲ့ ရင်ထဲမှာ အမြဲကိန်းအောင်းနေတတ်တဲ့ မေတ္တာစကား၊ ကရုဏာစကားပါပဲ။ ဒါတွေကို ထိုင်းနိုင်ငံမှာ ရောက်နေတဲ့ မြန်မာလူမျိုးအားလုံး ကြားသိနိုင်ပါစေ။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ပါဘူး၊ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတယ်၊ သားသမီးဆိုးပစ်ရိုးထုံးစံမရှိဆိုတဲ့စကားအတိုင်းပါပဲ။ နိုင်ငံတော်အကြီးအကဲရဲ့ ရင်ဝယ်သားသဖွယ် စိတ်ထားကို အမှတ်မထင်တွေ့မြင်ရပါတယ်။

ပြည်ပခရီးစဉ်တိုင်းမှာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကို အမြဲမပြတ်ဖိတ်ခေါ်တယ်။ ပြည်တွင်းမှာ ပညာရည်မြင့်မားရေးကတစ်ဆင့် အတတ်ပညာပြည့်ဝတဲ့ လူသားအရင်းအမြစ်တွေ ဖော်ဆောင်ကြိုးပမ်းနေတယ်။ ဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ လိုအပ်တဲ့ ပညာတတ်လူသားအရင်းအမြစ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရရှိအောင် ဆောင်ရွက်ပေးမယ်။ နည်းပညာကျွမ်းကျင်သူကတစ်ဆင့် ပြည်တွင်းလုပ်ငန်းရှင်တွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးချင်တယ်။ ပြည်ပထွက် အလုပ်လုပ်သူတွေကြောင့် ဆုံးရှုံးနေတဲ့ နိုင်ငံအတွက်လူသားအရင်းအမြစ်တွေကို နိုင်ငံတော်မှာ ပြန်လည်ပိုင်ဆိုင်စေချင်တယ်။ ဒါကလည်း နိုင်ငံတော်အကြီးအကဲရဲ့ ရေရှည်အတွက် မျှော်မှန်းချက်တစ်ခုသာ ဖြစ်ပါတယ်။ မှန်းဆရင် မြင်နိုင်ပါတယ်။ မှတ်မှတ်ရရ စကားတစ်ခွန်းက စာရေးသူနှလုံးသားကို အမှတ်တရအဖြစ် ငြိတွယ်သွားခဲ့ပြန်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၇ ရက်က ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ စာရွက်စာတမ်းများ လာရောက်ဆောင်ရွက်ကြသည့် မြန်မာနိုင်ငံသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကားပြောကြားစဉ်။

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံးကို ခရီးဆက်ခဲ့ပါတယ်။ မြန်မာသံရုံးမှာတော့ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းတွေ၊ မိသားစုဝင်တွေနဲ့ ပညာတော်သင် သင်တန်းသားတွေနဲ့ တွေ့ဆုံခဲ့ပါသေးတယ်။

တွေ့ဆုံစဉ်မှာလည်း တိုးတက်နေတဲ့ ပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံ၊ အသိပညာတွေကို အမှန်တကယ် သိရှိတတ်ကျွမ်းနားလည်အောင် သင်ယူလေ့လာသွားကြဖို့၊ ဘာသာစကားကိုလည်း မိမိတို့ လာရောက်တာဝန်ထမ်းဆောင်ရသည့် ကာလအတွင်း တတ်မြောက်အောင်လေ့လာသင်ယူကြဖို့၊ တာဝန်ထမ်းဆောင်ရင်းနှင့် မိမိဘဝတိုးတက်မှုမှသည် နိုင်ငံတော်တိုးတက်စေဖို့၊ နှစ်နိုင်ငံအတွက် အကျိုးရှိစေမယ့်အခြေအနေကောင်းတွေ ကြိုးစားဆောင်ရွက်ကြဖို့ကို အဓိကထား မှာကြားခဲ့ပါတယ်။

ဒါ့အပြင် သံတမန်ဆက်ဆံရေးရဲ့ အရေးပါမှု၊ သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများအနေနဲ့ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံ့အကျိုးစီးပွားတိုးတက်ကြိုးပမ်းဆောင်ရွက်သွားကြဖို့၊ *စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြဖို့ မိသားစု အချင်းချင်းဖေးမပြီး စည်းစည်းလုံးလုံးနဲ့ နေထိုင်သွားကြဖို့ကိုလည်း အလေးထားမှာကြားခဲ့ပါတယ်။

အလျဉ်းသင့်တယ်လို့ ဆိုရမှာပါပဲ။ သံရုံးမှာ စာရွက်စာတမ်းလာရောက်လုပ်နေတဲ့ မြန်မာလူမျိုးများနဲ့လည်း တိုက်တိုက်ဆိုင်ဆိုင် တွေ့ဖြစ်ခဲ့ပါသေးတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေကို အားပေးစကား



ပြောပြီး ဘယ်လိုအခက်အခဲရှိရှိ သံရုံး၊ စစ်သံရုံးတွေမှာ အချိန်မရွေးအကူအညီတောင်းဖို့ တခုတ်တရ မှာခဲ့ပါသေးတယ်။ ဘယ်သို့ပင်ရောက်နေပါစေ၊ မြန်မာလူမျိုးအားလုံးအတွက် မြန်မာနိုင်ငံတော်ဟာ အမြဲအရိပ်လိုရှိနေတယ်ဆိုတဲ့ အသိကို ပြသနိုင်ခဲ့တာပဲဖြစ်ပါတယ်။ အဝေးရောက်မြန်မာလူမျိုးများအားလုံးအနေနဲ့လည်း နိုင်ငံတော်ရဲ့တန်ဖိုး၊ နိုင်ငံတော်အကြီးအကဲရဲ့ စေတနာကို သိဖို့၊ မြင်ဖို့ လိုအပ်ပါတယ်။

မြဘုရားသို့ဆီ ခရီးဆက်ခဲ့ပြန်ပါပြီ။ မြဘုရားကတော့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းမှာ တည်ရှိပါတယ်။ နိုင်ငံတော်အကြီးအကဲက မြဘုရားဆောင်အတွင်းက ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးတွေ ဆက်ကပ်လှူဒါန်းမှုနဲ့အတူ အလှူငွေနဲ့မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားသည့် စကျင်ကျောက်ဆင်းတုတော်မြတ်ကိုလည်း လှူဒါန်းခဲ့ပါသေးတယ်။

ဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲက ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းရှိ Dusit Maha Prasat Throne Hall ၌ ထိုင်းဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Queen Sirikit အား အောက်မေ့သတိရခြင်းအထိမ်းအမှတ်အဖြစ် လွမ်းသူ့ပန်းခွေချခြင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားတဲ့ စကျင်ကျောက်ဆင်းတုတော်မြတ်အား လှူဒါန်းပေးအပ်ခြင်း၊ Piman Rattaya Throne Hallရှိ ထိုင်းဘုရင်မင်းမြတ်၏သမီးတော် မင်းသမီးကြီး Princess Bajrakitiyabha တို့အား အောက်မေ့သတိရလွမ်းသူ့ပန်းခွေချခြင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ထုဆစ်ပူဇော်ထားတဲ့ စကျင်ကျောက်ဆင်းတုတော်မြတ်အား လှူဒါန်းပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ သာသနာတော်ပြန့်ပွားရေးဆောင်ရွက်မှုတစ်ခုပါပဲ။ ရှေးဘုရင်တွေ အဆက်ဆက်ကတည်းက သာသနာတော်ပြန့်ပွားရေးကိုဆောင်ရွက်ခဲ့တာလည်း မဟုတ်ပါလား။

ထိုင်းနိုင်ငံခရီးစဉ်ကတော့ အောင်မြင်စွာပြီးမြောက်ခဲ့ပါပြီ။ အမိမြန်မာနိုင်ငံတော်ဆီ ပြန်ရပါတော့မယ်။ ကြည်လင်တဲ့ရာသီဥတုနဲ့အတူ လေဆိပ်တစ်ခွင်ဟာ ငြိမ်းချမ်းသာယာလို့ နေပါတယ်။ နှစ်နိုင်ငံအလံတွေ တလူလူ လွင့်ထူထားမှုနဲ့အတူ အပြာရောင်နောက်ခံ ကားချပ်ကြီးပေါ်မှာတော့ နှစ်နိုင်ငံအလံတော်တံဆိပ်နဲ့ “ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါ၏” ဆိုတဲ့ ခံ့ညားထည်ဝါစွာ ကြိုဆိုထားမှုကိုလည်း တွေ့ရပါတယ်။ ကော်ဇောနီရဲ့ တစ်ဖက်တစ်ချက်မှာ ထိုင်းနိုင်ငံဂုဏ်ပြုတပ်ဖွဲ့ကလည်း အလေးပြုနှုတ်ဆက်လျက်ရှိပါတယ်။

နှစ်နိုင်ငံအကြီးအကဲနှစ်ဦးဟာ ကော်ဇောနီခင်းထားရာ လျှောက်လှမ်းတစ်လျှောက် အပြုံးကိုယ်စီနဲ့ တည်ငြိမ်စွာလျှောက်လှမ်းလာပါတယ်။ အကြီးအကဲတို့ရဲ့ အပြုံးများဟာ နှစ်နိုင်ငံချစ်ကြည်ရေး အခွန့်ရှည်မှုကိုသာမက ယခုခရီးစဉ်ရဲ့အောင်မြင်မှုရလဒ်များနဲ့ နှစ်ပြည်ထောင်ပြည်သူများရဲ့ အနာဂတ်အကျိုးကို ဖော်ညွှန်းသက်သေပြလျက်ရှိပါတယ်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်က လေယာဉ်ပေါ်တက်ခါနီးထိ မိမိတို့နိုင်ငံအကြီးအကဲကို လိုက်ပါပို့ဆောင်ပါတယ်။ လေယာဉ်အတက်လှေကားရင်းမှာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲလက်ကို ကျစ်လျစ်စွာဆုပ်ကိုင်ပြီး နှုတ်ဆက်တဲ့ဟန်ကလည်း နှစ်နိုင်ငံခေါင်းဆောင်ချင်း၊ နှစ်နိုင်ငံ အစိုးရချင်း၊ နှစ်နိုင်ငံပြည်သူချင်း ထာဝရကျစ်လျစ်ခိုင်မာတဲ့ တွဲလက်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှုတွေရဲ့ အနာဂတ်စာမျက်နှာများအဖြစ် တွေ့မြင်ရမှာလည်း ဖြစ်ပါတယ်။

မိတ်ဆွေစစ်တို့မည်သည် သူ့အကျိုး ကိုယ့်အကျိုးအတွက် အတ္တ၊ ပရမ္မတအောင် တွေးခေါ်ဆက်ဆံဆောင်ရွက်တတ်ကြစမြဲပါ။ ကြုံတွေ့လာတဲ့ဒေသတွင်း အခက်အခဲ၊ နှစ်နိုင်ငံရဲ့ အဟန့်အတားမှန်သမျှကို နားလည်မှု၊ ဖေးမမှု၊ ခွင့်လွှတ်မှုတွေနဲ့ လက်တွဲကြိုးပမ်းဆောင်ရွက်နိုင်ရပါမယ်။ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ အထူးလေယာဉ်ပေါ်ကို ရောက်ရှိသွားခဲ့ပါပြီ။ မကြာမီဆိုသလိုပဲ လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ အမိမြန်မာနိုင်ငံဆီသို့ ဦးတည်ပျံသန်းလို့နေပါတော့တယ်။

နိုင်ငံတော်အကြီးအကဲရဲ့ သမ္မတတာဝန်ယူပြီးချိန်မှစပြီး စတုတ္ထမြောက် ပြည်ပခရီးစဉ်ဖြစ်တဲ့ ထိုင်းနိုင်ငံ (Official Visit) ခရီးစဉ်ဟာ အောင်မြင်တဲ့ ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါပြီ။ နိုင်ငံတော်ရဲ့ ဒီမိုကရေစီလျှောက်လှမ်းနေမှု နိုင်ငံရေးခရီး၊ နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေရဲ့ လက်တွေ့ကျကျဖော်ဆောင်နေမှု၊ တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေတဲ့ အွန်လိုင်းလိမ်လည်မှုနဲ့ မူးယစ်ဆေးဝါးဆိုင်ရာလုပ်ငန်းများ တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် ဆောင်ရွက်နေမှု၊ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးမဏ္ဍိုင် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်တဲ့ နိုင်ငံ့စီးပွားရေးအခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်မှု၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ရဲ့ စွမ်းအင်ကဏ္ဍ၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍ စတဲ့ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုတွေကို ချပြဆွေးနွေးနိုင်ခဲ့ပြီး အောင်မြင်တဲ့ရလဒ်တွေ ပိုင်ဆိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါပြီ။ ဒါ့အပြင် ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများ၊ မြန်မာနိုင်ငံသားများကို စောင့်ရှောက်နိုင်ဖို့အတွက်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အကြီးအကဲရဲ့ ပြည်ပခရီးစဉ်တိုင်းဟာ လှမ်းတိုင်းတင့်တဲ့ ခြေလှမ်းများသဖွယ်ပါပဲ။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဩဂုတ် ၇ ရက်က ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနူထင် ချာဝီရကွန်နှင့် တာဝန်ရှိသူများ ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ *(ဝဲပုံနှင့် အပေါ်ပုံ)*

နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့လိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ တိမ်တိုက်များကြားကို ထိုးဖောက်ရင်း အမိမြန်မာနိုင်ငံရဲ့ လေဆိပ်ကို ဆင်းသက်ရောက်ရှိခဲ့ပါပြီ။ အကြီးအကဲရဲ့ အပြုံးနဲ့ လက်ပြနှုတ်ဆက်မှုတွေ၊ ခရီးဦးကြိုပြုနေတဲ့ ဒုတိယသမ္မတဦးဆောင်တဲ့ အစိုးရအဖွဲ့တာဝန်ရှိသူတွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်တဲ့ အဆင့်မြင့်တပ်မတော်အရာရှိကြီးများရဲ့ ကြိုဆိုနှုတ်ဆက်နေဟန်များကလည်း ခရီးစဉ်ရဲ့ အောင်မြင်မှုရလဒ်၊ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဆိုတဲ့ စုစည်းညီညွတ်မှုအားတို့ကို ဖော်ညွှန်းနေလျက်ရှိပါတယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၇ ရက်က ထိုင်းအမျိုးသားလွှတ်တော်မှ ပြန်လည်ထွက်ခွာရာ ထိုင်းအမျိုးသားလွှတ်တော် ယာယီဥက္ကဋ္ဌ မစ္စတာ မုံခွန်း ဆူရာဆာဂျာနှင့် တာဝန်ရှိသူများ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်စဉ်။

ခရီးစဉ်တိုင်းအောင်မြင်မှုများနဲ့အတူ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ နိုင်ငံတော်အစိုးရအနေနဲ့လည်း ပိုင်ဆိုင်လာတဲ့ အောင်မြင်မှုများနဲ့အတူ မိမိနိုင်ငံ့အရေးအတွက် နိုင်ငံ့စာမျက်နှာသစ်မှသည် အာဆီယံဒေသတွင်း၊ ကမ္ဘာ့မျက်နှာစာထိတိုင် ယုံကြည်စွာ ဆက်လက်လျှောက်လှမ်းသွားပေဦးမည်ဟု ရေးသားကာသီ စာပန်းချီအဖြစ် ခြယ်မှုန်းလိုက်ရပါတော့သည်။ ။






## ဝုဖ်အသင်း ပို့တ်ဗေးလ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဩဂုတ် ၈**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဝုဖ်အသင်းနှင့် ပို့တ်ဗေးလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝုဖ်အသင်းက ပို့တ်ဗေးလ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဝုဖ်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၁၄ မိနစ်တွင် အန်စထရောင်း၊ ပွဲချိန် ၃၄ မိနစ်တွင် အန်ဒရီ၊ ပွဲချိန် ၄၃ မိနစ်တွင် လိုပက်ဇ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဝုဖ်အသင်းသည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ လိဂ်ချန်ပီယံရှစ်အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၅ ရက်တွင် ဘလက်ဘန်းအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (အပေါ်ဝဲပုံ)

(NGB)

## အယ်လီဆန်အက်ဝက်စ် ကြွက်သားဒဏ်ရာကြောင့် ရာသီစပွဲစဉ်အချို့ လွဲချော်မည်

**လန်ဒန် ဩဂုတ် ၈**

အက်စတွန်ဗီလာအသင်း တိုက်စစ်မှူး အယ်လီဆန်အက်ဝက်စ် ကြွက်သားဒဏ်ရာကြောင့် အသင်း၏ ပရီးမီးယားလိဂ်ရာသီစပွဲစဉ်အချို့ကို လွဲချော်သွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းက BG Pathum အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အယ်လီဆန်အက်ဝက်စ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အက်စတွန်ဗီလာအသင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။



အက်စတွန်ဗီလာအသင်းသည် ၂၀၂၆-၂၀၂၇ ပရီးမီးယားလိဂ်ရာသီအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၃ရက်တွင် ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## အိုရော့ဇ်ကို ကို မန်ယူအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၈**

မန်ယူအသင်းသည် ကိုလံဘီယာကလပ် ဖော်တာလီဇာအသင်း ကွင်းလယ်ကစားသမား အိုရော့ဇ်ကို ကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မန်ယူအသင်းနှင့်အတူ နှစ်ရှည်စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား အိုရော့ဇ်ကိုသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် မန်ယူအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား လေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(အောက်ပုံ) (NGB)



## အက်ကလီယူချီ ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ် ၁၁ ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**ပါရီ ဩဂုတ် ၈**

ကွင်းလယ်တိုက်စစ်ကစားသမား အက်ကလီယူချီ ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ် ၁၁ ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် မိုနာကိုအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ငါးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား အက်ကလီယူချီသည် မိုနာကိုအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၉ ပွဲကစားပြီး ၂၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ အက်ကလီယူချီက "ကျွန်တော် ပီအက်စ်ဂျီအသင်းမှာ ကျောနံပါတ် ၁၁ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီလိုကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းကို ပြောင်းရွှေ့ရောက်ရှိခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(အောက်ပုံ) (NGB)




## ဗင်နီစီယပ်စ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဩဂုတ် ၈**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်း တောင်ပံကစားသမား ဗင်နီစီယပ်စ်ကို ၂၀၃၂ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက အလျင်အမြန် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ဗင်နီစီယပ်စ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၆ ပွဲကစားပြီး ၁၂၈ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဗင်နီစီယပ်စ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ပါပြီ။ လာမည့် ဘောလုံးရာသီသစ်မှာ ဆုဖလားတွေ ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ)

(NGB)




## 2026 National Bank Open အမျိုးသားတင်းနစ် ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Arthur Fils တက်ရောက်



**တိုရွန်တို ဩဂုတ် ၈**

ကနေဒါနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 National Bank Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Arthur Fils တက်ရောက်ခဲ့သည်။ (ဝဲပုံ)

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Arthur Fils သည် 2026 National Bank Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား Mariano Navone ကို ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 National Bank Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Arthur Fils နှင့် ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Cameron Norrie တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

### ဘောလုံးသတင်းအတိုအထွာများ

* စီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် မန်ယူအသင်း တိုက်စစ်မှူး ဇာဇီကို တစ်ရာသီအငှားဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားသည်။

* နာပိုလီအသင်းသည် အာဆင်နယ်အသင်း တိုက်စစ်မှူး ဂျေးဇူးကို ခေါ်ယူရန် စတင်ဆက်သွယ်ခဲ့သည်။

* ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဂျပန်နောက်ခံကစားသမား တိုမီယာဆုကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

(NGB)

## ရိုဒရီ၏ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၈၀ အထိ မန်စီးတီးအသင်း အလိုရှိ

**လန်ဒန် ဩဂုတ် ၈**

မန်စီးတီးအသင်းသည် ကွင်းလယ်ကစားသမား ရိုဒရီ၏ ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၈၀ အထိ အလိုရှိနေသည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းက ခေါ်ယူရန် ကမ်းလှမ်းထားသည်။



ကွင်းလယ်ကစားသမား ရိုဒရီသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၈ ပွဲကစားပြီး ၂၈ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် ကမ်းလှမ်းလာခြင်းဖြစ်သည်။

မန်စီးတီးအသင်းကလည်း ရိုဒရီအတွက် ၄င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်းပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။ (ဝဲပုံ)

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် မန်စီးတီးအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်းပေးချေပြီး ရိုဒရီကို ခေါ်ယူသွားနိုင်မည်လား စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)



## ခရိုပင်ဒိုင်ယာတာကို ခေါ်ယူရန် အစ်ဆွစ်ချ်အသင်းနှင့် အဲဗာတန်အသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဩဂုတ် ၈**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် အစ်ဆွစ်ချ်အသင်းနှင့် အဲဗာတန်အသင်းတို့သည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်တောင်ပံကစားသမား ခရိုပင်ဒိုင်ယာတာကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ကလပ်ဘရုဂေး၊ မိုနာကို စသည့် ကလပ်အသင်းများတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမား တစ်ဦးဖြစ်ခြင်းကြောင့် အစ်ဆွစ်ချ်အသင်းနှင့် အဲဗာတန်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

တောင်ပံကစားသမား ခရိုပင်ဒိုင်ယာတာ ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် အစ်ဆွစ်ချ်အသင်းနှင့် အဲဗာတန်အသင်းတို့အနေဖြင့် မည်သည့်အသင်းက ခရိုပင်ဒိုင်ယာတာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားနှင့် လူငယ်စကားဝိုင်းသို့ တက်ရောက်မည့် မန္တလေးတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များအား တွေ့ဆုံအားပေး






**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ၂၀၂၆ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားနှင့် လူငယ်စကားဝိုင်း နေပြည်တော်သို့ တက်ရောက်မည့် မန္တလေးတိုင်းဒေသကြီး လူငယ်ကိုယ်စားလှယ်များနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်လူငယ်များ၏ ကိုယ်တိုင် ထုတ်လုပ်ထားသောထုတ်ကုန်များ MSME ပြခန်းတွင်ပြသမည့် စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်များအား ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးက နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ကျင်းပမည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားနှင့် လူငယ်စကားဝိုင်းသို့ တက်ရောက်နိုင်ရေး မန္တလေးတိုင်းဒေသကြီးအတွင်း အလွှာအသီးသီးမှ လူငယ်ကိုယ်စားလှယ်ခုနစ်ဦး ရွေးချယ်ဆောင်ရွက်ခဲ့မှု၊ MSMEပြခန်းတွင် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များရွေးချယ်ခဲ့မှုနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုတို့အား ရှင်းလင်းတင်ပြခဲ့သည်။

၎င်းနောက် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားနှင့် လူငယ်စကားဝိုင်းသို့ တက်ရောက်မည့် လူငယ်ကိုယ်စားပြုကိုယ်စားလှယ်များ၊ MSME ပြခန်းတွင် ပြသမည့် လူငယ်စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်များနှင့် အုပ်ချုပ်သူများက တစ်ဦးချင်းမိတ်ဆက်စကားများ ပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



## ချမ်းမြသာစည်မြို့နယ် အမှတ်(၂၄)အခြေခံပညာမူလတန်းလွန်ကျောင်း၌ (ဖီးကြမ်း)ငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်ရှိ အမှတ်(၂၄)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကလေးငယ်များ အာဟာရပြည့်ဝရေး ငှက်ပျောစိုက်ပျိုးပေးစီမံချက်အဖြစ် (ဖီးကြမ်း) ငှက်ပျောပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းဝင်းအတွင်းတွင် ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့် ငှက်ပျောပင်များကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်ပြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က ဖီးကြမ်းငှက်ပျောပင်အား ဦးဆောင်စိုက်ပျိုးပေးခဲ့သည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ကျော်ညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝဏ္ဏအောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဖီးကြမ်းငှက်ပျောပင် ၃၃၆ ပင်ကို တစ်ပြိုင်နက် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဖီးကြမ်းငှက်ပျောပင် စုပေါင်းစိုက်ပျိုးနေမှုအား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အလင်းသစ်(ပြန်/ဆက်)**

## Mobile Library စနစ်ဖြင့် သုတ၊ ရသစာအုပ်များ (အခမဲ့)ငှားရမ်းပေး

**စစ်ကိုင်း ဩဂုတ် ၈**

စစ်ကိုင်းမြို့တွင် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းများသို့ Mobile Library စနစ်ဖြင့် သုတ၊ ရသစာအုပ်များ(အခမဲ့) ငှားရမ်းပေးခြင်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇာဖြူထွန်းနှင့် ဝန်ထမ်းများသည် ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ရွှေမင်းဝံ) တွင် ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် အခြေခံပညာအထက်တန်းကျောင်း(ရွှေမင်းဝံ)တွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကျောင်းသား၊ ကျောင်းသူများအား သုတ၊ ရသစာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင်လည်း ရွေ့လျားစာကြည့်တိုက် (Mobile Library)စနစ်ဖြင့် အပတ်စဉ် သွားရောက်၍ သုတ၊ ရသစာအုပ်၊ စာစောင်များ (အခမဲ့)ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## ချမ်းအေးသာစံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ် အသိပညာပေး ဟောပြော

**မန္တလေး ဩဂုတ် ၈**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို)(AEDA-Mdy) တို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၇ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီးနောက် အသင်းမှ ဒုဥက္ကဋ္ဌက ဟောပြောပွဲကျင်းပရသည့်ရည်ရွယ်ချက်၊ အမှုဆောင်က မူးယစ်သမိုင်းကြောင်း၊ အတွင်းရေးမှူးက အရက် ကွမ်းဆေး ဥပဒ်ပေး၊ မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်ကြောင်း၊ တွဲဖက်အတွင်းရေးမှူးက လူငယ်နှင့် စိတ်ကြွရူးသွပ်ဆေးအကြောင်းတို့ကို ဟောပြောခဲ့ပြီးနောက် ဘဏ္ဍာရေးမှူးက မေးခွန်းမေးမြန်းမှုများကို ဖြေဆိုနိုင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်များရွတ်ဆိုခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ပန်းမော်ကျောင်းတိုက်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား လိုက်လံကြည့်ရှု

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ ဗန်းမော်ကျောင်းတိုက်အတွင်း ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်အုပ်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီးနောက် ကျောင်းတိုက်အတွင်း ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများမှ နုန်းစာများ ဆယ်ယူခြင်းတို့အား စုပေါင်းဆောင်ရွက်နေမှုများနှင့် ဗန်းမော်ဆရာတော်ကြီး၏ အထိမ်းအမှတ်ပြတိုက်အတွင်း ကြည့်ရှုခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







## သောက်ရေသန့်လုပ်ငန်းလိုင်စင်အသစ် လျှောက်ထားသည့် ရေသန့်စက်ရုံအား ကွင်းဆင်းစစ်ဆေး

**ပျော်ဘွယ် ဩဂုတ် ၈**

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(မန္တလေး)မှ တာဝန်ရှိသူများသည် ရမည်းသင်းခရိုင်၊ပျော်ဘွယ်မြို့နယ်၌ သောက်ရေသန့်လုပ်ငန်း လိုင်စင်အသစ် လျှောက်ထားသည့် ရေသန့်စက်ရုံအား ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အဆိုပါစက်ရုံတည်ရှိရာ ဇီးတောကျေးရွာသို့ သွားရောက်ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုကဲ့သို့ ကွင်းဆင်းစစ်ဆေးရာတွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (မန္တလေး)မှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်သန်းဌေးက စက်ရုံနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး၏ အရေးပါမှု၊ သတ်မှတ်ထားသော ရေစစ်ကိရိယာနှင့် ပိုးသတ်ဆေးစနစ်တကျအသုံးပြုမှု၊ ဓာတ်ခွဲလုပ်ငန်းဆောင်ရွက်ထားမှုနှင့် စက်ရုံလုပ်ငန်းလည်ပတ်မှုလုပ်ငန်းအခြေအနေများကို အသေးစိတ်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ စက်ရုံမှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**



## မုံရွာဈေးကွက်တွင် ဂျုံဖြူအရောင်းအဝယ်ကောင်းနေ



**မုံရွာ ဩဂုတ် ၈**

မုံရွာကုန်စည်ဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း ဂျုံဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း မုံရွာပွဲစားများထံမှ သိရသည်။

မုံရွာဈေးကွက်ကို ချင်းတွင်းမြစ်အနောက်ဘက် ယင်းမာပင်ခရိုင်မှ ဂျုံဖြူများဝင်ရောက်ခြင်းဖြစ်ပြီး အထွက်တိုးဂျုံဖြစ်သည့် ဂျုံနီကို ချောင်းဦးနယ်မှ အများဆုံး ဝင်ခြင်းဖြစ်သည်။

"အခုလက်ရှိ မုံရွာဈေးကွက်မှာ ဂျုံနီတစ်တင်း(ပိဿာ ၂၀)ငွေကျပ် ခုနစ်သောင်းကျော်နဲ့ အရောင်းအဝယ်ဖြစ်နေပြီး သကြီန်မတိုင်ခင်က ပေါ်တဲ့ ဂျုံဖြူတစ်တင်း(ပိဿာ ၂၀)ကို ငွေကျပ် ရှစ်သောင်းရှစ်ထောင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေကြတာပါ"ဟု မုံရွာကုန်သည်က ပြောသည်။

ပြည်တွင်းစားသုံးမှု မလောက်ငသည့် ဂျုံဖြူနှင့် ဂျုံနီများနယ်မှ အဝင်နည်းနေသည့်အတွက် ဈေးမှာ ယခုထက် ပိုတက်နိုင်ပြီး မြို့နေကုန်သည်ပွဲစားများအနေဖြင့် ပစ္စည်းအရ နည်းသည့်အတွက် ရောင်းစရာနည်းပါးနေ၍ ထိန်းရောင်းနေကြသည်။

"အရင်က ယင်းမာပင်ဒေသက ဂျုံပင်လယ်လို့တောင် တင်စားခံရလောက်အောင် ဂျုံအများကြီးစိုက်ခဲ့ကြတယ်။ ဂျုံနဲ့ သူဌေးဖြစ်ကြတာလည်း အများကြီးပါ။ နောက်ပိုင်း ဈေးမကောင်း၊ ဈေးကွက်ပျက်ပြီး အိန္ဒိယဂျုံတွေအစားထိုးဝင်လာတော့ တခြားဈေးရတဲ့ သီးနှံတွေ ပြောင်းစိုက်ခဲ့ကြတယ်။ အခု ဂျုံဈေးပြန်ကောင်းတော့ ပြန်စိုက်ကြဖို့ တာစူနေကြပြီ။ စိုက်ဖို့ရာ မဖြစ်မနေသုံးရမယ့် စိုက်ပျိုးရေးသွင်းအားစုတွေကို နယ်မြေအခြေအနေအရ များများသယ်မရတာ အခက်အခဲကြီးဖြစ်နေပါတယ်"ဟု ယင်းမာပင်နယ်မှ တောင်သူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် နှစ်နှစ်ကာလ ၂၀၂၄ ခုနှစ်ကတည်းက တောင်သူများအနေဖြင့် ဂျုံစိုက်နည်းခဲ့သည့်အတွက် ဈေးကွက်တွင် ဂျုံ အရနည်းပြီး ဈေးတက်လာခဲ့သည်။

တောင်သူများအနေဖြင့် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဂျုံကို ပြန်စိုက်ကြမည်ဖြစ်ကြောင်း ယင်းမာပင်ဒေသ ကျေးရွာတောင်သူများထံမှ သိရသည်။

(၃၉၄)

၀-၀-၀-၀-၀-၀

## ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှစ်ခုအား ကွင်းဆင်းစစ်ဆေး

**ပခုက္ကူ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး၊ပခုက္ကူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှစ်ခုအား ယမန်နေ့ မွန်းလွဲ ၃နာရီက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့်ကော်မတီဝင်များက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ခွင့်ပြုရန်ပုံငွေကျပ် ၆၈၁၁၀၀၀၀ ဖြင့် ပခုက္ကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွန်ကရစ်နှစ်လမ်းလမ်းခင်းခြင်း (၄၈၇ပေ၊ ၁၅ပေ၊ ၈လက်မ) လုပ်ငန်းနှင့် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၃ ဒသမ ၃၆ သန်းဖြင့် အမှတ်(၈) ရပ်ကွက်၊ ပန်းစွာလမ်း ကွန်ကရစ်လမ်းခင်းခြင်း(၉၇၂ပေ၊ ၁၂ပေ၊ ၈လက်မ)လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)(၃၄၀)**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၅၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပပြုလုပ်

**မန္တလေး ဩဂုတ် ၈**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၅၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နန်းဦးဆုတောင်းပြည့် ဘုရားဝင်းအတွင်းရှိ ရန်အောင်မြင် ဓမ္မာရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး၊ တိုင်းမှူးဗိုလ်မှူးချုပ် အောင်ဌေး နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကာ အရှင်သူမြတ်တို့ ချီးမြှင့်တော်မူသော အနုမောဒနာ တရားနာကြားကြ၍ ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များအား အရဏ်ဆွမ်းနှင့်လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်၏ (၅၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ တိုင်းမှူးဗိုလ်မှူးချုပ် အောင်ဌေး၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်မိန့်ခွန်း ပြောကြားပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့သည်။ ယင်းနောက် (၅၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် လက်ဆောင်ပစ္စည်းပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက် ကျင်းပပြုလုပ်ရာ အရာရှိ၊ စစ်သည်၊ ရဲမေများအတွက် လက်ဆောင်ပစ္စည်းများနှင့် အိမ်ထောင်သည်လိုင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ သန့်ရှင်းရေး ထူးချွန်ဆုရရှိကြသူများအတွက် ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် (၅၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများ၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုများနှင့်စစ်သည်၊ မိသားစုများ၏ ပြေးပွဲ၊ ပြိုင်ပွဲများအား လိုက်လံကြည့်ရှုအားပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၃၈)**



# ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဂန့်ဂေါ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့တွင် မြို့နယ်အတွင်းရှိ အများပြည်သူများ ရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခရိုင်သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းအဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၈ နာရီက လူစည်ကားရာနေရာများ ဖြစ်သည့် ပြည်သူ့ဆေးရုံရှေ့ရှိ လမ်းဆုံနေရာ၊ မြို့မဈေးနှင့် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)(စည်ပင်သာယာ)ကျောင်းရှေ့တို့တွင် ရေဘေးအန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြသည်။

ရေဘေးအန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရမည့်အချက်များ၊ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် လိုက်နာရမည့်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရမည့်အချက်များ၊ ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့်အချက်များနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင် ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်များပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကာ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ရေဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ခရိုင်သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်နှင့် ဝန်ထမ်းများ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးရှိုင်းသူနှင့် ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထက်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လှဲ့ရည်လှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် လူစည်ကားရာနေရာများဖြစ်သည့် ပြည်သူ့ဆေးရုံရှေ့ရှိ လမ်းဆုံနေရာ၊ မြို့မဈေးရှိ ဈေးရောင်း၊ ဈေးဝယ်သူများနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(စည်ပင်သာယာ) ကျောင်းရှေ့တို့တွင် ရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် ရေဘေးအန္တရာယ်ပညာပေး လက်ကမ်းစာစောင် ၂၀၀ ကို အခမဲ့ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီးအတွင်း (Online Sales) လုပ်ငန်းမှတ်ပုံတင်အတွက် လုပ်ငန်းပေါင်း ၁၀၅၈ ခုကို မြေပြင်ကွင်းဆင်း စိစစ်ဆောင်ရွက်

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး အတွင်း(Online Sales) လုပ်ငန်း မှတ်ပုံတင်အတွက် လုပ်ငန်းပေါင်း ၁၀၅၈ ခုကို မြေပြင်ကွင်းဆင်း စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှစ၍ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (Online Sales) လုပ်ငန်းမှတ်ပုံတင်လက်မှတ် လျှောက်ထားမှုအား မြေပြင်စိစစ်ပြီးမှသာလျှင် ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ အသိပေးထုတ်ပြန်ကြေညာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ (Online Sales) လုပ်ငန်းမှတ်ပုံတင်အတွက် လျှောက်ထားသည့်လုပ်ငန်းများအား မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၃၁ ရက်အထိ လုပ်ငန်းပေါင်း ၁၀၅၈ ခုကို စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ ဆောင်ရွက်ရာ၌ သက်ဆိုင်ရာတာဝန်ရှိသူများက မြေပြင်တွင် မှတ်ပုံတင်လျှောက်ထားသည့်လုပ်ငန်း၏ အချက်အလက်မှန်ကန်မှု ရှိ၊ မရှိစစ်ဆေးကာ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့်လုပ်ငန်းများကိုသာ (Online Sales) လုပ်ငန်းမှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းဖြစ်ပြီး လျှောက်ထားဆဲလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် (Online Sales) ရောင်းဝယ်မှုများကို အရေးကြီးဝန်ဆောင်မှုအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃)ဖြင့် သတ်မှတ်ကြေညာခဲ့ပြီး အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၃)အရ အွန်လိုင်းစနစ်ဖြင့် ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှု ရောင်းချသူများအားလုံးသည် မှတ်ပုံတင်လက်မှတ်လျှောက်ထားရန် အကျုံးဝင်ပြီး မှတ်ပုံတင်လက်မှတ် လျှောက်ထားလိုသူသည် (www.ecomreg.gov.mm) မှတစ်ဆင့် ဖုန်းနံပါတ် (သို့မဟုတ်) Email Adress ဖြင့် လျှောက်ထားနိုင်သည်။ မှတ်ပုံတင်လျှောက်ထားခြင်းနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းလိုပါက ချမ်းအေးသာစံမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ရုံးချိန်အတွင်း သွားရောက်မေးမြန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**



# အခြေခံကဗျာရေးစပ်နည်းသင်တန်းဖွင့်လှစ်

**မိတ္ထီလာ ဩဂုတ် ၈**

မိတ္ထီလာမြို့၊ လူထုအခြေပြုဗဟိုဌာန၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ အခြေခံကဗျာရေးစပ်နည်းသင်တန်းကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြတ်သင်းကြိုင်၊ စာရေးဆရာမြင့်မားအောင်နှင့် စာရေးဆရာ ကိုသစ္စာ(ထီလာ)တို့က အခြေခံကဗျာရေးစပ်နည်းဆိုင်ရာများကို သင်ကြားပို့ချရာ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ကဗျာဝါသနာရှင်များ တက်ရောက်ခဲ့သည်။

အဆိုပါ ကဗျာရေးစပ်နည်းသင်တန်းကို ဩဂုတ် ၆ ရက်၊ ၁၃ ရက် ၊ ၂၁ ရက်နှင့် ၂၈ ရက်၊ စုစုပေါင်း လေးရက်တာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(၄၅၃)**

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့
စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

## အိမ်သုံးမီတာများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Website သို့ ဝင်ရောက်၍ Online စနစ်ဖြင့် လျှောက်ထားနိုင်ပြီး သတ်မှတ်ချက်များပြည့်စုံပါက မီတာများ အမြန်ဆုံးတပ်ဆင်ပေးသွားမည်

**မိတ္ထီလာ ဩဂုတ် ၈**

မိတ္ထီလာမြို့နယ်၌ အိမ်သုံးမီတာများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Website သို့ ဝင်ရောက်၍ Online စနစ်ဖြင့် ဩဂုတ် ၁၅ ရက်မှ စတင်၍ လျှောက်ထားနိုင်ပြီး သတ်မှတ်ချက်များပြည့်စုံပါက မီတာများ အမြန်ဆုံးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ Website သို့ ဝင်ရောက်၍ Online စနစ်ဖြင့် အိမ်သုံးမီတာများကို လျှောက်ထားနိုင်ပြီး သက်ဆိုင်ရာ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်)မှ စဉ်ဆက်မပြတ် စောင့်ကြည့်ပြီး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သတ်မှတ်ချက်များပြည့်စုံစွာ စိစစ်ဆောင်ရွက်ပြီးပါက အမြန်ဆုံး တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ Online



စနစ်ဖြင့် မစတင်မီ ယခင်စနစ်ဟောင်းပုံစံဖြင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတွင် အိမ်သုံးမီတာလျှောက်ထားမှုများအတွက် သတ်မှတ်ကြေး ပေးသွင်းပြီးသောသူများကို ပထမအကြိမ် မီတာများထုတ်ယူ၍ ပြည်သူအတွက် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုအနေဖြင့် ဝန်ထမ်းများမှ အလေးထားဆောင်ရွက်တပ်ဆင်ပေးလျက်ရှိပြီး ဒုတိယအကြိမ် မီတာများတပ်ဆင်နိုင်ရေးအတွက် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတွင် မီတာလျှောက်ထားမှု တန်းစီစာရင်းအလိုက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ မြေပြင်ကွင်းဆင်းစစ်ဆေး၍ သတ်မှတ်ချက်နှင့်ညီသည့် လျှောက်ထားသူများထံသို့ မီတာများ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကိုထံမှ သိရသည်။

(ဝဲပုံ)

(၄၆၉)



## မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ ပြုပြင်ရန် စေတနာရှင်များမှ ငွေများလှူဒါန်း

**မန္တလေး ဩဂုတ် ၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အမြင့် ၇၇၆ ပေ တွင်တည်ရှိပြီး တောင်ကိုးလုံးခြံရံလျက်ရှိသော မန္တလေးတောင်တော်ကြီးကို သက္ကရာဇ် (၁၀၁) ခုနှစ်မှ စတင်ပြီး ဆုတောင်းပြည့် စေတီတော်ကြီးနှင့် ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်များအား တည်ဆောက်ပြုလုပ်လှူဒါန်း ကိုးကွယ်ခဲ့ကြသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားသော မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သိမ်၊ တန်ဆောင်းပြာသာဒ်များအား ဂေါပကအဖွဲ့မှ ကြီးမှူး၍ ပြန်လည်ပြုပြင်လျက်ရှိရာ စေတနာရှင်များက ငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။ ဩဂုတ် ၆ ရက် နံနက်ပိုင်းက ဆုတောင်းပြည့်ဘုရား ရင်ပြင်တော် ဂုံးနှစ်ဂုံးပြုပြင်ရန် ဦးတက်ထွန်း + ဒေါ်လှတင့် (ရွှေသိန်းစက်ယန္တရား သယ်ယူပို့ဆောင်ရေးနှင့် မြေတူးစက်လုပ်ငန်း) မိသားစုက ငွေကျပ် ၂၄ သိန်းကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

မန္တလေးတောင်တော် ဘက်စုံပြုပြင်ရေး လှူဒါန်းလိုပါက ဂေါပကအဖွဲ့ ဖုန်း ၀၉-၇၈၇၆၅၉၇၇၅ နှင့် ၀၉-၄၄၁၀၃၈၈၇၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၅)

## မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေးသင်တန်း ကျင်းပ

**အမရပူရ ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေးသင်တန်းကို တမုတ်ဆိုးကျေးရွာ၌ ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။



အဆိုပါအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး တိုင်းဒေသကြီး တာဝန်ခံများက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘိုင်အိုချာပြုလုပ်သုံးစွဲခြင်းအကြောင်း၊ မိုးစပါးပန်းတိုင်အတွက် အထွက်နှုန်းမထိခိုက်စေရန် ဓာတ်မြေဩဇာ လျှော့ချသုံးစွဲခြင်း၊ မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းဖြင့် ရရှိလာစေမည့် အကျိုးကျေးဇူးများ၊ ပိုးသတ်ဆေးဥပဒေများအကြောင်းကို မိမိတို့ဘာသာရပ်ဆိုင်ရာအလိုက် ပါဝါပွိုင့်ဖြင့် အကျယ်တဝင့်ဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေတောင်သူများ စုစုပေါင်း ၇၆ ဦး တက်ရောက်ပြီး တောင်သူများထံသို့ ယူရီးယားနှင့် လက်ချားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

လှဲ့လှဲ့ခိုင်(အမရပူရ)

သန့်ရှင်း
စိမ်းလန်းသော
အနာဂတ်ဖြစ်စေဖို့
စွန့်ပစ်
ပစ္စည်းများကို
ပြန်လည်ပြုပြင်
သုံးစွဲစို့ ။

## ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ချောက် ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ချောက်မြို့ အ·ထ·က(၁)ကျောင်း မြရိပ်ညိုခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကျောင်းကျန်းမာရေးလုပ်ငန်း အရှိန်အဟုန်မြှင့်တင်ရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်အတွင်း ပြည်သူ့ကျန်းမာရေးဌာန ဝန်ထမ်းများနှင့် အခြေခံပညာဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးသန်းမြင့်က ကျောင်းများတွင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ အာဟာရကျွေးခြင်းများအား ရှင်းလင်းပြောကြားခဲ့ကြသည်။



ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး (၁)ဦးရဲမြင့်က ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ မြို့နယ်ကျောင်းကျန်းမာရေးဌာန ဒေါက်တာဇင်မင်းကျော်က သွားကျန်းမာရေးအကြောင်း သိကောင်းစရာများဖြစ်သည့် စနစ်မှန် သွားတိုက်နည်း၊ သွားနှင့်ခံတွင်းဖြစ်တတ်သည့်ရောဂါများနှင့် ကျန်းမာရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို အသီးသီး ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းနွမ်ခမ်းခေါင်နှင့် အဖွဲ့ဝင်များ၊ အ·ထ·က(၁) ကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ဝင်းအိမွန်(ပြန်/ဆက်)

## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်မှု ကျင်းပ

**တံတားဦး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက တံတားဦးမြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သံဃာ့ဆေးကုသဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အသက်ငါးနှစ်အောက်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် နို့တိုက်မိခင်များအား Vitamin A, Vitamin B1 သံချဆေးများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ ခရိုင်ဆေးအုပ်ကြီးနှင့် ဌာနဆိုင်များ၊ လူမှုရေးအသင်းအဖွဲ့များက တိုက်ကျွေးပေးကြသည်။

ထို့နောက် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲကိုကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက တက်ရောက်ကြည့်ရှုအားပေးပြီး ဆုရမိခင်များအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

(၄၀၉)

၀-၀-၀-၀-၀-၀-၀

◎ စာမျက်နှာ ၂၄ မှ

ဆီမီးဖိုင်နယ် အမျိုးသမီးပွဲစဉ်(၄၆)တွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ် အသင်းက ၆၃-၄၅ ရမှတ်ဖြင့် ဗိုလ်လုပွဲသို့ လည်းကောင်း၊ ပွဲစဉ်(၄၈)အဖြစ် မကွေးတိုင်း ဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်း ဒေသကြီးအသင်းက ၆၄-၆၀ ရမှတ်ဖြင့်လည်း ကောင်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက် ဘောပြိုင်ပွဲ အမျိုးသား/အမျိုးသမီး ဗိုလ်လု ပွဲစဉ်များကို ဩဂုတ် ၉ ရက်တွင် အမျိုးသား ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ အမျိုးသမီး ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသ ကြီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-ကိုမင်း

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၈**

ဩဂုတ် ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီးတို့၌ နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန် တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန် ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ ဧလ

## မုံရွာမြို့ပေါ်ရပ်ကွက်များမှ ခိုးယူလာသည့် ပစ္စည်းများနှင့်အတူ ခိုးသူခုနစ်ဦးနှင့် ခိုးရာပါလက်ခံသူတစ်ဦးဖမ်းမိ

**မုံရွာ ဩဂုတ် ၈**

မုံရွာမြို့ပေါ်ရပ်ကွက်များမှ ခိုးယူလာသည့် ပစ္စည်းများနှင့် အတူ ခိုးသူခုနစ်ဦးနှင့် ခိုးရာ ပါလက်ခံသူတစ်ဦးတို့ကို နန္ဒဝန် ရပ်ကွက်အတွင်း ဩဂုတ် ၅ရက် နံနက် ၅ နာရီက ဖမ်းဆီးရမိခဲ့ သည်။

နန္ဒဝန်ရပ်ကွက်၊ နယ်မြေ (နယ်မြေ၃)ရှိ ခိုးမှုကျူးလွန်ရာ တွင်ပါဝင်သူတစ်ဦး၏ နေအိမ် တွင် ခိုးမှုကျူးလွန်သူများ ရောက် ရှိနေကြောင်းသတင်းအရ ပူးပေါင်း အဖွဲ့မှ ဝင်ရောက်ဖမ်းဆီးခဲ့ရာ ခိုးရာပါဆိုင်ကယ်နှစ်စီး၊ အဲယား ကိုလာသုံး၊ တီဗွီတစ်လုံးတို့နှင့် အတူ အိမ်ရှင်အပါအဝင် ခိုးမှု ကျူးလွန်သူခုနစ်ဦးကို တွေ့ရှိ စစ်ဆေးရာ ခိုးရာပါပစ္စည်းများ ကို အမျိုးသမီးတစ်ဦးထံ ရောင်း ချခဲ့ကြောင်း ထွက်ဆိုသည်။

"ခိုးမှုကျူးလွန်သူတွေနဲ့ ခိုးရာပါပစ္စည်းလက်ခံသူတွေဟာ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်နယ်မြေ (၂)၊ (၃)၊ (၄)၊(၈)နဲ့ ကျွန်းရွှေဝါ လမ်းတွေမှာ နေထိုင်ကြတဲ့ အသက် ၁၄ နှစ်၊ ၁၅ နှစ်နဲ့ ၁၆ နှစ်အရွယ် လူငယ်တွေဖြစ်ကြပါ တယ်။ အသက်ငယ်ပေမယ့် ခိုးမှုကျူးလွန်နေတာတော့ကြာ ပြီလို့ သိရတယ်။ ခိုးရာပါပစ္စည်း လက်ခံသူက အသက်(၄၃)နှစ် အရွယ်အမျိုးသမီးဖြစ်တယ်"ဟု မုံရွာခရိုင်ရဲတပ်ဖွဲ့ မှူခင်းနှိမ်နင်း ရေးမှ ဒုရဲမှူးစိုးမင်းပိုင်က ပြော သည်။

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ နယ်မြေ(၈)နေ ခိုးရာပါပစ္စည်း လက်ခံသူ အသက်(၄၃နှစ်)အရွယ် ဆိုသူ အမျိုးသမီးထံသွားရောက် စစ်ဆေးရာ ရေခဲသေတ္တာနှစ်လုံး၊ အဲယားကိုလာတစ်လုံးနှင့်ရေမော် တာတစ်လုံးတို့ကို တွေ့ရှိဖမ်းဆီး ရမိပြီး ခိုးမှုကျူးလွန်သူ အမျိုးသား တစ်ဦး၏ နေအိမ်မှ အဝတ်လျှော် စက်တစ်လုံးကိုလည်း သိမ်းဆည်း



ရမိခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနိုင်လင်း၏ ကြီးကြပ်မှု ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့်၊ မုံရွာမြို့နယ် ရဲတပ် ဖွဲ့မှူး ရဲမှူးသိန်းထွန်းတို့၏ အနီး ကပ်ကြီးကြပ်မှုဖြင့် စစ်ကိုင်းတိုင်း မှုခင်းအကူဌာနစုမှ ဒုရဲမှူးဇော်မျိုး ထွန်း ဦးစီးအဖွဲ့၊ မုံရွာခရိုင် ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးမှ ဒုရဲမှူး စိုးမင်းပိုင် ဦးစီးသည့်အဖွဲ့၊ မုံရွာ မြို့ မြို့မရဲစခန်းနယ်ထိန်းခေါင်း ဆောင် ရဲအုပ်ဇော်မင်းအောင် ဦးစီးအဖွဲ့၊ မုံရွာမြို့နယ်မြေရဲစခန်း မှူး ရဲအုပ်အွန်နိမ်၊ နယ်ထိန်း ရဲအုပ်အေးမင်းသူ ဦးစီးပူးပေါင်း အဖွဲ့က ရှာဖွေစစ်ဆေးဖမ်းဆီး ခဲ့ခြင်း ဖြစ်သည်။

ခိုးသူခုနစ်ဦးနှင့် ခိုးရာပါ လက်ခံသူတစ်ဦးတို့ကို မုံရွာမြို့ နယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ် နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**(အပေါ်ပုံ)(၃၉၄)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေ သော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြား စေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှု အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင် ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဩဂုတ် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြု မှုလုပ်ဆောင်ခဲ့သည့် "James Yar Kot" Facebook အကောင့်နှင့် "Anna Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသ ကြီး မှော်ဘီမြို့နယ် စမ်းချောင်းပေါက်ကျေးရွာနေ ရာကုပ်(ခ) ဂျိမ်းရာကုပ်အား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မှော်ဘီမြို့မရဲစခန်း ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လမ်းဘေးတွင် ရပ်တန့်ထားသော မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**တပ်ကုန်း ဩဂုတ် ၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်-မန္တလေးအမြန် လမ်းမကြီး၌ ယာဉ်မောင်းအိပ် ငိုက်ပြီး လမ်းဘေးတွင် ရပ်တန့် ထားသော မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ် ရာရရှိခဲ့သည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ဩဂုတ် ၃ ရက် နံနက် ၇ နာရီခွဲတွင် ပြည်ထောင် စုနယ်မြေ၊ နေပြည်တော်၊ တပ် ကုန်းမြို့နယ်၊ နေပြည်တော်- မန္တလေးအမြန်လမ်းမကြီး မိုင် တိုင်အမှတ် ၂၃၆ မိုင် ၅ ဖာလုံ နှင့် ၆ ဖာလုံကြား၌ ယာဉ်တိုက် မှုဖြစ်ပွားကြောင်း ဘုရား တောင် အမြန်လမ်းမကြီးရဲစခန်း မှ တပ်ဖွဲ့ဝင်များက သက်သေ များနှင့်အတူ သွားရောက်စစ် ဆေးခဲ့ရာ မန္တလေးမြို့မှ နေပြည် တော်ဘက်သို့ ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၀)ရပ်ကွက်နေ ဦးဝင်း အောင်(၄၀)နှစ်ဆိုသူ မောင်းနှင် ပြီး ခရီးသည်အမျိုးသားနှစ်ဦး နှင့် အမျိုးသမီးနှစ်ဦးတို့ လိုက်ပါ လာသည့် TOYOTA ALP-HARD မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်း ယာဘက်မြေသားလမ်းပေါ်တွင် ရပ်တန့်ထားသည့် ပြည်ထောင်စု နယ်မြေ၊နေပြည်တော်၊ တပ်ကုန်း မြို့နေ ဦးနိုင်ဝင်း(၄၆)နှစ် ဆိုသူ မောင်းနှင်သည့် KIA BON GO III မော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက် တိုက်မိခဲ့သဖြင့် ဦးနိုင်ဝင်းဆိုသူ တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ သောကြောင့် ဝင်းအောင် ဆိုသူ အား ဘုရားတောင်အမြန်လမ်းမ ကြီးရဲစခန်းမှ အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ချမ်းအေးသာစံမြို့နယ်၌ ပရဆေးရုံထောင်မီးလောင်မှုဖြစ်ပွား

**မန္တလေး ဩဂုတ် ၈**

မန္တလေး၊ ချမ်းအေးသာစံမြို့ နယ်၊ ၃၄လမ်း၊ ၈၅လမ်းနှင့်၈၆ လမ်းကြားရှိ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်ရှိ ပရဆေးရုံ ထောင်အတွင်း ဝါယာကြိုးပေါက် ၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဩဂုတ် ၆ ရက် နံနက် ၀၀ နာရီ ၅၂ မိနစ်တွင် မြို့နယ်မီး သတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာပရဆေးရုံထောင် အတွင်း သွယ်တန်းထားသော ဝါယာကြိုးပေါက်ကာ ပရဆေး အိတ်များပေါ်သို့ မီးကူးစက်၍ စတင်လောင်ကျွမ်းခဲ့သည်။ အဆို ပါ မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်း ထွန်း ဦးဆောင်ကာ မီးငြိမ်းသတ် ယာဉ် ၁၇ စီး၊ ရေသယ်ယာဉ် ငါးစီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ စုစုပေါင်း ၂၃ စီးတို့ဖြင့် သန္နေ ၄၀ ဦး၊ အရန် ၈၀ ဦး၊ စုစု ပေါင်း ၁၂၀ ဦး သွားရောက်ငြိမ်း သတ်ရာ နံနက် ၁ နာရီ ၃၈ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်း ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ချမ်းမြေ့မောင်(ချမ်း/စံ)**

## မိုးရွာသွန်းမှုကြောင့် မြေစာပြိုကျပြီး နေအိမ်အချို့ ပျက်စီးမှုဖြစ်ပွား

**မိုးကုတ် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်၊ ကျပ်ပြင်အနောက်ပိုင်း၊ ပန်းမတ္တ မြားသျှိရပ်ကွက်နှင့် အောင်သစ် လွင်ရပ်ကွက်တို့တွင် မိုးရွာသွန်း မှုကြောင့် တောင်ကမ်းပါးယံ ပေါ်ရှိ မြေစာများ ပြိုကျပြီး နေအိမ်အချို့ ပျက်စီးမှု ဩဂုတ် ၅ရက် နံနက် ၅နာရီခွဲက ဖြစ်ပွား ခဲ့သည်။ **(အောက်ပုံ)**



မိုးရွာသွန်းပြီး မြေစာပြိုကျ မှုများကြောင့် အောင်သစ်လွင် ရပ်ကွက်နေ ဦးမြတ်သွင်ဆိုသူ၏ (၂၅×၂၅)ပေ၊ သွပ်မိုး၊ အုတ်ကာ (၁)ထပ်နေအိမ်နှင့် ဦးဆယ်သန်း ဆိုသူ၏ (၂၅×၂၅)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ တစ်ထပ်နေအိမ်နံရံ များ ပျက်စီးခဲ့ပြီး ပန်းမတ္တမြား သျှိရပ်ကွက်တွင် ပေ(၂၀×၃၀)၊ သွပ်မိုး၊ အုတ်ကာ၊ တစ်ထပ်နေ အိမ်မှာ ပြိုကျပျက်စီးကာ ဦးသန်း ညွှန့်ကျော်ဆိုသူမှာ ဦးခေါင်း၊ မျက်နှာတို့တွင် အနည်းငယ် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မြေစာပြိုကျသည့် နေရာများသို့ မြို့နယ်မီးသတ် ဦးစီးဌာနမှ ဦးစီးမှူး ဦးနိုင်မိုး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ လူမှုကူညီရေးအသင်းများ က ရှာဖွေကူညီရှင်းလင်းရေး ဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ် ရာရသူ အမျိုးသားအား လောက ဟိတအသင်းယာဉ်ဖြင့် မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင် ပေးခဲ့ကြောင်း သိရသည်။

(၀၅၇)

## စာအုပ်စင်ကဏ္ဍ

### ဖော်ညွှန်းသီ

စာအုပ်အမည် - နွားကျောင်းသားကဗျာ
စာရေးသူ - ဇော်ဇော်အောင်
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၇၀၀၀ ကျပ်
စာမျက်နှာ - ၁၁၀ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ မေလ(တတိယအကြိမ်)

အရှေ့တိုင်းဒဿနပညာရှင် ဒေါက်တာ ဆူဇူကီး၏ အင်္ဂလိပ်ဘာသာပြန်မှ မြန်မာသို့ တိုက်ရိုက်ပြန်ဆိုထားသော နွားကျောင်းသားကဗျာ ၁၀ ပုဒ်ဖြစ်သည်။ မူရင်းစာဆိုမှာ KAKUAN ဖြစ်ပြီး ဇင်ဘုန်းတော်ကြီးလည်း




ဖြစ်သည်။ ဂျပန်ဇင်ဗုဒ္ဓဘာသာ၏ ဓမ္မကို လေ့လာရမည့် ဒဿနပညာရပ်များဖြစ်ကာ နွားကျောင်းသား ပန်းချီ ၁၀ ပုံနှင့် ယှဉ်တွဲ ကျော်ကြားခဲ့သည့် စာအုပ်ဖြစ်သည်။

ဆရာဇော်ဇော်အောင် ၏ နွားကျောင်းသားကဗျာခံစားမှု စာအုပ်သည် အတွေးနက်နက် ဖြန့်ကြက်လိုသူများ၊ အခြားသော တစ်ဖက်မှ ဆင်ခြင်အသိပွားများလိုသူ အောလ်နေးတစ်သမားများနှင့် စာပေအနုပညာ အတွေးအခေါ်ဝါသနာရှိသူများအတွက် လက်စွဲဖတ်ရှုသင့်ပြီး မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များ နှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

စာအုပ်အမည် - မြိုင်ရာဇာတွက်ပီ ကျွန်ုပ်နှင့်ဘဝမှတ်တမ်းစွန့်စားခန်းများ
စာရေးသူ - ဆွေမင်း(ဓနုဖြူ)
ထုတ်ဝေသည့်စာပေတိုက် - စာညေးစိမ်းစာပေ
တန်ဖိုး - ၉၅၀၀ ကျပ်
စာမျက်နှာ - ၁၉၉ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ

ကာတွန်းဆွေမင်း(ဓနုဖြူ)၏ ရုပ်ပြကာတွန်းစာအုပ်ဖြစ်သည်။ ဝတ္ထုဇာတ်ညွှန်းသရုပ်ဖော်ကာတွန်းဆွေမင်း၏ ကျွန်ုပ်နှင့်ဘဝမှတ်တမ်းစွန့်စားခန်းများ ပေါင်းချုပ်(၆) ဖြစ်ကာ မျက်နှာဖုံးသရုပ်ဖော်ပုံကို ကာတွန်းပိုးဇာက ရေးဆွဲပေးသည်။




ရယ်ရွှင်စရာများ၊ ရင်ခုန်စိတ်လှုပ်ရှားဖွယ်အကြောင်းအရာဇာတ်လမ်းဖြစ်သဖြင့် ကာတွန်းရုပ်ပြကြိုက်နှစ်သက်သည့်ကလေး၊ လူငယ်၊ ကျောင်းသားလေးများ သဘောကျနှစ်ခြိုက်သော စာအုပ်လည်းဖြစ်သည်။

ယခင် ကာတွန်းဆွေမင်း(ဓနုဖြူ)မကွယ်လွန်ခင်က ရေးဆွဲခဲ့သော ကာတွန်းရုပ်ပြစာအုပ်များကို ပြန်လည်ရိုက်နှိပ်ထုတ်ဝေခြင်းလည်းဖြစ်ရာ မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့လေး

## အသိ သတိ အမြဲရှိ

* ရုပ် နာမ် ဓမ္မ သင်္ခါရ
မမြဲ သိရမည်
အို နာ သေရေး ဒုက္ခဘေး
ရှောင်ပြေးမရပြီ ။
* ဗုဒ္ဓတရား ရင်ဝယ်ထား
အပယ်မလားပြီ
ဒါန သီလ ဘာဝနာ
အမြဲဖြည့်ရမည်
အသိ သတိ အမြဲရှိ
ဒုက္ခကင်းဝေးမည် ။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

## စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့်နံရံကပ်စာစောင်ပြသ

**တောင်တွင်းကြီး ဩဂုတ် ၈**

ကျောင်းသား၊ကျောင်းသူများအနေဖြင့် ကျောင်းသင်ခန်းစာများအပြင် ပြင်ပစာပေကောင်းများ ဖတ်ရှုလေ့လာသိရှိခြင်းဖြင့် အသိပညာဗဟုသုတများ တိုးတက်ပြီး ဗလငါးတန်ပြည့်စုံကြွယ်ဝသည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရန်ရည်ရွယ်၍ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအနေဖြင့် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်းခွဲ (အ·လ·က-၃)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားရေးအတွက် အားလပ်သည့်အချိန်များတွင် စာအုပ်စာပေများကို လေ့လာရမည်ဖြစ်ကြောင်း၊ ပညာလိုအိုသည်မရှိ ဆိုသည့်အတိုင်း ပညာတတ်မြောက်မှသာ အမှားအမှန်ဝေဖန်ပိုင်းခြားနားလည်မည်ဖြစ်ကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ကျောင်းသား၊ကျောင်းသူများအနေဖြင့် နေ့စဉ်စာဖတ်ရာ၌ သုတ၊ ရသပညာရပ်ပေါင်းစုံကို ဖတ်ရှုလေ့လာကြရန်လိုအပ်ကြောင်း၊ စာဖတ်ခြင်းဖြင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် သားကောင်း၊ သမီးကောင်းပညာရှင်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲသို့ အခြေခံပညာအထက်တန်းကျောင်းခွဲ (အ·လ·က -၃)မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၃၀ ဦး တက်ရောက်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**နောင်နောင် (မိဿနိုးမြေ)**



## အမှတ်(၁၆)အခြေခံပညာ မူလတန်းလွန်ကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပုသိမ်ကြီး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဩဂုတ် ၇ ရက် နံနက် ၉ နာရီခွဲက ရန်ကင်းတောင်ကျေးရွာအုပ်စု၊ ပုဏ္ဏားကုန်းကျေးရွာရှိ အမှတ်(၁၆)အခြေခံပညာမူလတန်းလွန်ကျောင်း အောင်ဇေယျခန်းမဆောင်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့်ပြပွဲများကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးစိုးလင်းက အဖွင့်အမှာစကားပြောကြားပြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက 'လူငယ်နှင့်စာရိတ္တ'ခေါင်းစဉ်ဖြင့် ကျောင်းသား၊ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအကြောင်း၊ ကလေးအလုပ်သမားအကြောင်းတို့အား အသိပညာပေးဟောပြောခဲ့သည်။



အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများမှ ကျောင်းသားကျောင်းသူများအား အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ တက်ရောက်လာကြသော ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**ရွှေရန်ကင်း**




### ရေချိုးတာရေး နည်းလမ်းများ

* ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ ။
* ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ ။
* အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
* အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ ။
* ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၃၃)၊ ဦးပိုင်နံပါတ်(၁၇၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးမျိုးအောင်နှင့် ဦးလှအုန်းတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ညွန့်ညွန့်(ဘ)ဦးစိန်(၉/မရမ(နိုင်)၀၀၇၄၅၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂)၊ ဦးပိုင်နံပါတ်(၇၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ ဦးခင်မောင်ဝင်း အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်စိုး(ဘ)ဦးတင်အေး(၂/လကန(နိုင်)၀၄၉၉၃၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ အောင်သုခရပ်ကွက်၊ အကွက်အမှတ်(၄၉၈/သစ်ချိုကုန်း)၊ ဦးပိုင် အမှတ်(အောင်သုခရပ်-၉)၊ ဧရိယာ(၀ ဒသမ ၁၁)ဧက အကျယ်အဝန်းရှိ ဦးစံဌေး အမည်ပေါက် ဂရန်မြေကွက် အတွင်းမှ အလယ်ခြမ်း ဧရိယာ ပေ (၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦး၊ ရေ + မီး အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ခင်ကြည်(ဘ)ဦးသန့်(၁၃/လရန(နိုင်)၀၁၃၃၈၃) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေတချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဦးတင်ဇော်လတ် (LL.B)  ဦးရဲကျော်သူ (LL.B)  ဦးငြိမ်းချမ်းကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးစည်သူမြင့် (LL.M)**
**အထက်တန်းရှေ့နေ**
**ယုဇနလမ်းသွယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉–၄၀၂၆၂၂၄၇၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၆/၈၄)၊ ၆၈လမ်း၊ ၄၁လမ်းနှင့် ၄၂လမ်းကြားနေ ဒေါ်တင်မာရီ(ဘ)ဦးခင်အောင်(၉/မနမ(နိုင်)၀၉၆၀၃၆) ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၆)၊ ဦးပိုင်အမှတ်(၈၄) မြေနှင့် မြေပေါ်ရှိ အဆောက်အဦးမှာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်တင်မာရီနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးမောင်ရွှေတို့အတူ နေထိုင်ပေါင်းသင်းလျက်ရှိသည့် လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းဖြစ်သောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်တင်မာရီ၏ သဘောတူခွင့်ပြုချက်မပါဘဲ အခြားသူတစ်ဦးမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လွှဲဒါန်းခြင်း၊ အမည်ပြောင်းခြင်း၊ တခြားနည်း တစ်စုံတစ်ရာ လွှဲပြောင်းခြင်းများ ပြုလုပ်လာပါက လက်ခံခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

လင်မယားနှစ်ဦးပိုင်ဆိုင်သော အထက်ပါပစ္စည်းအား တစ်ဦးတည်းသဘောဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လွှဲဒါန်းခြင်း၊ အမည်ပြောင်းခြင်း၊ တခြားနည်း တစ်စုံတစ်ရာ လွှဲပြောင်းခြင်းများ ပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်တင်မာရီ**
**(၉/မနမ(နိုင်)၀၉၆၀၃၆)**

**လွှဲအပ်ချက်အရ–**
**ဦးတင်ဇော်လတ်(LL.B)  ဦးရဲကျော်သူ(LL.B)  ဦးငြိမ်းချမ်းကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးစည်သူမြင့် (LL.M)**
**အထက်တန်းရှေ့နေ**
**ယုဇနလမ်းသွယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉–၄၀၂၆၂၂၄၇၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၂)၊ ဦးပိုင်အမှတ်(၃၄)၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးသာချို(ဘ)ဦးဘအုန်း(၉/ပသက(နိုင်)၀၅၇၀၂၆) အမည်ဖြင့် ချထားရရှိသော မြေကွက်၏မြောက်ဘက်အစွန်ဆုံးခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူများဖြစ်သော ဒေါ်တင်ငြိမ်းကွန်း(ဘ)ဦးကွန်း(၉/ခအဇ(နိုင်)၀၀၂၇၀၄)၊ ဒေါ်တင်ဥမ္မာကွန်း(ဘ)ဦးကွန်း(၉/မရမ(နိုင်)၀၀၅၀၂၈) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမှုရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း  ဒေါ်စီစီစိန်  ဒေါ်လှဲ့လှဲ့နွယ်  ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ–၆/ ၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၈)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်အိုက်မြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုးတစ်ထပ်အဆောက်အဦး၊ လျှပ်စစ်မီတာ၊ ရေမီတာအပါအဝင် ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင် အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်အိုက်မြင့်(ဘ)ဦးရီဖိတ်(၁၃/မရတ(နိုင်)၀၀၆၄၆၄) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း  ဒေါ်စီစီစိန်  ဒေါ်လှဲ့လှဲ့နွယ်  ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ–၆/ ၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၁)၊ ဦးပိုင်နံပါတ်(၁၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးညွန့်ရွှေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အလယ်ခြမ်း ပေ(၂၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးမင်းထွန်း(ဘ)ဦးကြည်ဟန်(၈/ခမန(နိုင်)၁၂၁၃၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၄)၊ ဦးပိုင်နံပါတ်(၅၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးနိုးတူး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးနှင့်ကပ်လျက် မြောက်ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသူရဝေ(ဘ)ဦးမြင့်ဝေ(၉/ခအဇ(နိုင်)၀၁၇၀၃၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၂၅၉၀၄၅၄၈၀**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၈

မျိုးဆက်သစ် ကျောင်းသားလူငယ် မောင်မယ်များအနေဖြင့် နိုင်ငံတော်၏ သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကို လေ့လာသိရှိပြီး အသိပညာ ဗဟုသုတများ ရရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များ ဖြစ်ပေါ်လာစေရန်၊ သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို အထောက်အကူပြုစေရန်နှင့် နိုင်ငံ့အကျိုးသယ်ပိုးရွက်ဆောင်လိုသည့် ရည်မှန်းချက်ကောင်းများ ထားရှိတတ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာ



အလယ်တန်းကျောင်း (လေသာ) မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ယနေ့လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့်ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင် ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြောကြားပြီး ပြခန်းများအလိုက် တာဝန်ရှိသူများက တပ်မတော်(ကြည်း)ပြကွက်၊ တပ်မတော်(ရေ) ပြကွက်၊ တပ်မတော်(လေ)ပြကွက်များ၌ ခင်းကျင်းပြသထားမှုများကို အသေးစိတ် လိုက်လံရှင်းလင်းပြသရာ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်၌ ခင်းကျင်းပြသထားသည့် ပြင်ပပြကွက်များဖြစ်သည့် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလအသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာယာဉ်များ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် လက်နက်များ၊ တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ဘတ်စကက်ဘောဗိုလ်လုပွဲပြိုင်ပွဲတွင် မန္တလေးနှင့် ရှမ်းပြည်နယ်အသင်း ယှဉ်ပြိုင်မည်

တောင်ကြီး ဩဂုတ် ၈

တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားရာ အမျိုးသားပွဲစဉ်(၄၇)အဖြစ် မွန်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီး အသင်းက ၁၁၁-၅၁ ရမှတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အမျိုးသားပွဲစဉ် (၄၉) အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းက ၇၅-၇၀ ရမှတ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

*စာမျက်နှာ ၁၄ သို့* ✪

## နန်းချိုမွှေး ဟက်ထရစ်နှင့် ဇင်မိုးပြည့်တို့၏သွင်းဂိုးဖြင့် ရန်ကုန်စီးတီး အမျိုးသမီးအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်း

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်း၏ MWL (Week-9) ပထမအကျော့ နောက်ဆုံးပွဲစဉ်အဖြစ် ရန်ကုန်စီးတီး အမျိုးသမီးအသင်းအား အိမ်ကွင်းတွင်လက်ခံယှဉ်ပြိုင်ကစားခဲ့ပြီး လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်အမျိုးသမီးအသင်းအနေဖြင့် ပွဲစတင်သည့်အချိန်မှစ၍ ရန်ကုန်စီးတီး အမျိုးသမီးအသင်းဘက်ကို မနားတမ်း တိုက်စစ်ဆင်မှုများပြုလုပ်ခဲ့ကာ ပွဲချိန်(၁၇) မိနစ်တွင် နန်းချိုမွှေးက ဧရိယာထိပ်မှ လှပသည့်ကန်ချက်ဖြင့် အဖွင့်ဂိုး စတင်သွင်းယူပေးခဲ့သည်။ ထို့နောက်(၁၈)မိနစ်တွင် ဒုတိယဦးဆောင်ဂိုးအား အလျင်အမြန်ရရှိခဲ့ကာ နန်းချိုမွှေးက ပင်ထပ်မံသွင်းယူပေးခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုး၊ ဂိုးမရှိနှင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်းရန်ကုန်အမျိုးသမီးအသင်းမှ ကစားအားမချဘဲသွင်းဂိုးများထပ်မံရရှိရေး ကြိုးပမ်းခဲ့ပြီး (၇၇) မိနစ်တွင် ဇင်မိုးပြည့်က ပြိုင်ဘက်ဧရိယာအတွင်း အကောင်းဆုံး အဆုံးသတ်ကာ တတိယဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။ ထို့နောက် နှစ်မိနစ်အကြာ (၇၉) မိနစ်တွင် နန်းချိုမွှေးကသူ၏ ဟက်ထရစ်ဖြစ်စေမည့် သွင်းဂိုး အားသွင်းယူပေးခဲ့ပြီး ရန်ကုန်အမျိုးသမီးအသင်း အတွက် စတုတ္ထဦးဆောင်ဂိုးဖြစ်စေခဲ့သည်။



ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းသည် Myanmar Women League ပထမအကျော့အပြီးတွင် (၉)ပွဲကစား၊ (၆)ပွဲနိုင်၊ (၁)ပွဲသရေ ၊ (၂)ပွဲရှုံးရလဒ်နှင့် အဆင့် ၃ နေရာတွင်ရပ်တည်လျက်ရှိသည်။

(NGB)

## မတ္တရာမြို့နယ်ရှိ တံငါချောင်းမကြီး ရေလျှံပြီး ကျေးရွာအချို့၌ ရေများဝင်ရောက်

ရန်ကုန် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ တံငါချောင်းမကြီး ရေလျှံပြီး ကျေးရွာအချို့၌ ရေများဝင်ရောက်ခဲ့ကြောင်း ဩဂုတ် ၈ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ သတင်းထုတ်ပြန်မှုအရ သိရသည်။

အဆိုပါ ရေဝင်မှုဖြစ်ပေါ်ခဲ့သည့် တံငါတောင်ကျေးရွာ၊ ရေချောင်းဗိုလ်ကျေးရွာ၊ ပုဂံစုကျေးရွာ၊ ရခိုင်စုကျေးရွာနှင့် အညာကိုင်းကျေးရွာများသို့ မတ္တရာမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မတ္တရာ Rescue မှ အသင်းသားများ၊ ကြက်ခြေနီအသင်းသားများနှင့် ပရဟိတအသင်းများ ပူးပေါင်း၍ ရေဝင်ရောက်နေသော အိမ်ထောင်စုများအား ရေဘေးလွတ်ရာဖြစ်သည့် အထက်တောင်ကိုင်းကျေးရွာအုပ်စု၊ ဥမင်ကျေးရွာရှိ စာသင်ကျောင်း၊ တိုက်နယ်ဆေးရုံနှင့် ရုံပင်ကျေးရွာဘုန်းကြီးကျောင်းသို့ ကူညီရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များ၊ အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်များ ကြုံတွေ့ပါက မီးသတ်ဦးစီးဌာန၏ အရေးပေါ်ဖုန်းနံပါတ်များဖြစ်သော Hotline 191၊ မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့ဌာနချုပ်(ကွပ်ကဲ) ၀၁၈၆၆၆၉၁၂၊ ၀၁၈၆၆၆၉၁၃၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး(ကွပ်ကဲ)၀၂၄၀၂၁၀၈၄၊ ၀၉၃၄၀၃၂၀၂၀၂ များသို့ ဆက်သွယ်သတင်းပေးပို့ အကူအညီ တောင်းခံနိုင်ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က အသိပေး ထုတ်ပြန်ထားသည်။

Htun Htun

